၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 708 MAY 03, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ၂၀၁၀ ရွေးကောက်ပွဲဝင်ဘို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စဉ်းစားမည်

**VOA၊ ဧပြီလ ၂၉။** ။ မြန်မာပြည်တွင်းက နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးပြီး လက်ရှိချမှတ်ထားတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အချက်တွေမှာ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့မကိုက်ညီတာတွေကို ညှိနှိုင်းဖယ်ရှားပေးမယ်ဆိုရင် ၂၀၁၀ ခုနှစ်မှာ မြန်မာစစ်အစိုးရကကျင်းပဘို့စီစဉ်ထားတဲ့ ရွေးကောက်ပွဲမှာပါဝင်ဘို့ စဉ်းစားမယ်လို့ အဲန်အဲယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်တဲ့ ဒေါက်တာသန်းငြိမ်းကပြောပါတယ်။

အဲန်အဲယ်လ်ဒီဌာနချုပ်မှာ ကျင်းပနေတဲ့ တိုင်းနဲ့ပြည်နယ်၊ မြို့နယ်ပေါင်းစုံအ စည်းအဝေးနဲ့ ပတ်သက်ပြီး နိုင်ငံရေးစာတမ်းအဓိကတင်သွင်းသူ အဲန်အဲယ်လ်ဒီ ရန်ကုန်တိုင်းဒု–ဥက္ကဋ္ဌ ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကအခုလိုပြောပါတယ်။

"အဓိက ကတော့ကျနော်တို့ အရင်ကတည်းကပြောခဲ့တဲ့ တွေ့ဆုံဆွေး နွေးရေးပါဘဲ။ တွေ့ဆုံဆွေးနွေးရေးကသာလျှင် မှန်ကန်တဲ့နိုင်ငံရေးလမ်းကြောင်း ပြေလည်မှုဆိုတာဖြစ်မှာပါ။ အဲဒါကသာလျှင် ကျနော်တို့အတွက် အဓိကလမ်းကြောင်းပါ။ ၂၀၁၀ ဆိုတာကတော့ ကျနော်တို့လူတွေဆုံတုန်းမှာ သူတို့သဘောနဲ့ သူတို့ဆက်ပြီး ၂၀၁၀ သွားမယ်ဆိုရင်လည်း ဘယ်လိုလုပ်ကြမလဲလို့ဆွေးနွေးကြတာပါ။"

ဆွေးနွေးကြတဲ့နေရာမှာ အဖြေဘာထွက်ပါသလဲ၊ လူအများစုရဲ့ဆန္ဒက ဘယ်လိုရှိပါသလဲခင်ဗျ။

"အဖြေကတော့မထွက်သေးဘူးလို့လည်း ပြောလို့ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီနေ့တိုင်းနဲ့ပြည်နယ် ၅ ခုဘဲရှိသေးတယ်။ ကျန်တာတွေက အများစုကျန်သေးတော့ ကျနော်တို့က အများရဲ့သဘောထားလို့ ပြောလို့မရသေးဘူးထင်တယ်။"

တကယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံဘို့ဆိုရင် ဘယ်အချက်တွေလိုအပ်တယ်လို့ အဲန်အဲယ်လ်ဒီဘက်ကမြင်ပါသလဲ။ သတ်မှတ်ချက်ရှိပါသလား။

"ကျနော်တို့ကတော့ ကိုယ်စားလှယ်တော်တွေဆီကို တင်ပြထားတယ်။ အဲန်အဲယ်လ်ဒီအဖွဲ့ချုပ်ကတော့ အကယ်၍ သူတို့သဘောနဲ့သူတို့ သွားတယ်ဆိုဦးတော့ ကျနော်တို့အရင်ကတည်းကတောင်းဆိုထားခဲ့တဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ ဒေါ်အောင်ဆန်းစုကြည်တို့ ဦးတင်ဦးတို့စသဖြင့် အားလုံးခြွင်းချက်မရှိလွှတ် ပေးမယ်ဆိုရင် ဒါနံပါတ် ၁ ပေါ့။

"နံပါတ် ၂ ကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဒီမိုကရေစီနှုန်းတွေနဲ့ မကိုက်ညီတဲ့ ဟာတွေကို သုံးသပ်ဆွေးနွေးပြီး ဖယ်ရှားပေးမယ်ဆိုရင်၊ နောက်တခုက ၂၀၁၀ ရွေးကောက်ပွဲဟာ တကယ်ဘဲ လွတ်လပ်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲမျိုးလည်းဖြစ်မယ်။ အဲဒီရွေးကောက်ပွဲကျင်းပတဲ့အခါမှာလည်း အပြည်ပြည်ဆိုင်ရာရဲ့စောင့် ကျပ် ကြည့်ရှုမှုကို ခွင့်ပြုမယ်ဆိုရင်တော့ ဒါကိုဝင်ဘို့ ကျနော်တို့ရည်မှန်းတယ်။ အလေးအနက်စဉ်းစားမယ်ဆိုတဲ့သဘော၊ အဲဒါကိုကျနော်တို့က တင်ပြထားတယ်။ ဒါကို တက်လာတဲ့ကိုယ်စားလှယ်တွေအနေနဲ့အဖြေထုတ်ပြီး ကြေညာချက်တခုထွက်ပါလိမ့်မယ်။"

ပြည်သူလူထုရဲ့ဆန္ဒကိုရော တီးခေါက်မိတာမျိုးတွေ၊ လူအများစုအဲန်အဲယ်လ်ဒီအပေါ်မှာ ဘယ်လိုသဘောထားတွေရှိပါသလဲခင်ဗျ။

"ကျနော်တို့ စစ်တမ်းဆိုတာကတော့ မရှိပါဘူး။ ဘယ်လိုလုပ်စစ်တမ်းကောက်မလဲ။ ဒီမှာတော့မရပါဘူး။ အဖွဲ့ချုပ်ဝင်တွေရဲ့ပြောကြားချက်၊ သူတို့အတွေ့အကြုံနဲ့ ကျနော်တို့အတွေ့အကြုံပေါင်းစပ်ပြီးတော့ ခန့်မှန်းသလောက်ဘဲရှိမှာပါ။ အဲဒီဟာအရဆိုရင်တော့ အဲန်အဲယ်လ်ဒီဟာ ဘာဘဲဖြစ်ဖြစ် ဒီကနေ့အထိပေးထားတဲ့တာဝန်ကို ဆက်လက်ပြီး ထမ်းဆောင်နေတဲ့အဖွဲ့အစည်းဖြစ်တယ်။ သူတို့ပေးထားတဲ့တာဝန်ဆိုတာ ဒီမိုကရေစီတာဝန်ပေါ့ဗျာ။ ဒါကိုတော့ သူတို့အသိအမှတ်ပြုတယ်လို့ ကျနော်တို့ယုံကြည်ပါတယ်။ ကျနော်တို့နဲ့တွေ့နေတဲ့ ပြည်သူတွေ ပြောတဲ့စကားအရဆိုရင် ဒါတော့သိပ်မှားနိုင်စရာမရှိပါဘူး။"

လူထုက အဲန်အဲယ်လ်ဒီကိုရွေးကောက်ပွဲမှာ ပြန်ဝင်စေချင်တယ်ဆိုရင်ရော အဲန်အဲယ်လ်ဒီအနေနဲ့ ဒါကိုစဉ်းစားဆုံးဖြတ်ဘို့ရှိပါသလား။

"အဲဒါပါဘဲ၊ ကျနော်တို့ဒီကနေ့ဆွေးနွေးနေတဲ့ကိစ္စကလည်းဒါပါဘဲ။ ဘာ ဖြစ်လို့လဲဆိုတော့ တကယ်လို့ နအဖအနေနဲ့ သူတို့ဆန္ဒနဲ့သူတို့ ဆက်ပြီးသွားမယ်ဆိုရင် ဒီရွေးကောက်ပွဲကိုဝင်မလား၊ မဝင်ဘူးလားဆိုတာကို ခင်ဗျားစိတ်ဝင် စားသလို ပြည်သူလူထုလည်းစိတ်ဝင်စားမယ်ဆိုတာ ကျနော်တို့သိပါတယ်။ ဒါကြောင့်မို့လည်း အဖြေပေးနိုင်အောင်

**စာမျက်နှာ ၁၅ သို့**

| | | | | |
|---|---|---|---|---|
| **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကရွေးကောက်ပွဲဆိုင်ရာ သဘောထားထုတ်ပြန်** | **ကမ္ဘာနဲ့ မြန်မာလူထု၏ ဆန္ဒအား လျစ်လျူရှုတဲ့ နအဖဗိုလ်ချုပ်တွေကို ရှုတ်ချ** | **ဝက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး နအဖစစ်အုပ်စုမီဒီယာမှ သတိပေး ကြေညာ** | **အဖွဲ့ ချုပ်ခေါင်းဆောင်ပိုင်း ပြောင်းလဲရန် ပြည်နယ်နှင့်တိုင်း အချို့ ကတောင်းဆို** | **ဝက်တုပ်ကွေး ကမ္ဘာတဝန်းလုံးကို ကူးစက်ပျံ့ နှံ့ မည်ဘေး အထူး စိုးရိမ်ရ** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၇** | **စာမျက်နှာ ၁၈** |

**VOB အာဘော်**

# မူဘောင်မှသည် လက်တွေ့ကျင့်သုံးမှုသို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အထူးအစည်းအဝေးတရပ်ကို ဧပြီ ၂၈ နှင့် ၂၉ ရက်နေ့တွင် ရန်ကုန်ရှိ ပါတီဌာနချုပ်ရုံးတွင် ကျင်းပခဲ့သည်။ နိုင်ငံအနှံ့ရှိ လွှတ်တော်အမတ်များ၊ ဒေသအဆင့်ပါတီခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ စစ်အုပ်စုက ကျင်းပမည်ဆိုသည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၀၈ နာဂစ်အခြေခံဥပဒေကို ပြန်လည်သုံးသပ်ရေးအတွက် ပါတီ၏တောင်းဆိုထားချက်များက ဤအစည်းအဝေးပေါ်ပေါက်လာစေရေးအတွက် တွန်းအားပေးခဲ့သည်။

အဲန်အဲလ်ဒီက ယခုကဲ့သို့သောပါတီအစည်းအဝေးကျင်းပမည်ဆိုလျှင် အာဏာရှင်များ၏ နှောင့်ယှက်ခြိမ်းခြောက်မှုများရှိခဲ့သည်။ သို့သော်ယခုတကြိမ်သည် နှစ်ပေါင်း ၂၀ ကာလအတွင်း ခြိမ်းခြောက်နှောင့် ယှက်မှုအနည်းဆုံးဖြင့်ကျင်းပနိုင်ခဲ့သည့်အစည်းအဝေးဖြစ်သည်။ စစ်အာဏာပိုင်များက အဲန်အဲလ်ဒီ၏ ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားနှင့် ရှေ့လျှောက်နိုင်ငံရေးလျှောက်လှမ်းမှုမည်သို့ရှိမည်ဆိုသည်ကို သိလိုခြင်းကြောင့် ခြိမ်းခြောက်နှောင့်ယှက်မှုကို မဆိုစလောက်သာလုပ်ခဲ့ပုံရသည်။ ဦးတင်ဦး၊ ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကိုခြွင်းချက်မရှိလွှတ်ပေးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေး၊ ပါတီရုံးများပြန်ဖွင့်ခွင့်ပေးရေးနှင့် စည်းရုံးလုပ်ငန်းများခွင့်ပြုရေး၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်အသိအမှတ်ပြုရေးများဆိုသည့် အချက်လေးချက်အပေါ် ရပ်တည်နေကြောင်း ကြေညာခဲ့သည်။

အဲန်အဲလ်ဒီသည် စစ်အုပ်စုနှင့်တွေ့ဆုံဆွေးနွေးရေးကိုပြုလုပ်မည်ဆိုသည်ကိုလည်း အခိုင်အမာကိုင်စွဲထားဆဲဖြစ်သည်။ ထိုအတွက်အစီအစဉ်များကိုလည်း ထုတ်ပြန်ထားသည်၊ ကြိုတင်သတ်မှတ်ချက်မထားပဲ စစ်အုပ်စုနှင့်ဆွေးနွေးမည်ဆိုသည့် ကမ်းလှမ်းချက်ပင်ဖြစ်သည်။ စစ်အုပ်စုက ဤကမ်းလှမ်းချက်ကို မည်သို့တုံ့ပြန်မည်နည်း၊ ကြိုတင်ကန့်သတ်ချက်မထားခြင်းက တွေ့ဆုံဆွေးနွေးရေးတွင် ဘက်နှစ်ဘက်စလုံးအတွက် အကျိုးရှိမည့်အခြေအနေများကို လက်တွေ့ဖော်ဆောင်နိုင်ပေလိမ့်မည်။

အကယ်၍ဆွေးနွေးပွဲဖြစ်မြောက်ခဲ့ပါက ဆွေးနွေးမည့်အချက်များကိုလည်း အဲန်အဲလ်ဒီက ဖော်ပြထားသေးသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများတန်းတူအခွင့်အရေးရရှိရေး၊ ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ၂၀၀၈ အခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး၊ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်ကို တနည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့်ရွေးကောက်ပွဲအရေး၊ လူထု၏လက်ရှိဘဝအခြေအနေတိုးတက်ရေး စသည့်အချက်များကို ဆွေး နွေးမည်ဟုဆိုထားသည်။ ဤအချက်များသည် အဲန်အဲလ်ဒီက နအဖနှင့်ဆွေးနွေးလိုသောအချက်များဖြစ်သည်ကိုတရားဝင်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ စစ်အုပ်စုဘက်တွင်လည်း လိုလားချက်များရှိမည်မှာသေချာပေါက်ဖြစ်သည်။ စိုးရိမ်ရသည်မှာ စစ်အုပ်စုသည် အဲန်အဲလ်ဒီနှင့်တွေ့ဆုံဆွေးနွေးလိုစိတ်ရှိရဲ့လား ဆိုသည့်အချက်ပင်ဖြစ်သည်။

လက်ရှိနိုင်ငံရေးအခြေအနေက စစ်အုပ်စု၊ အဲန်အဲလ်ဒီအပါအဝင်ဒီမိုကရေစီအင်အားစုများ၊ ပြည်သူများအတွက် မည်သို့မျှကောင်းကျိုးမဖြစ်သကဲ့သို့ အနာဂတ်အရေးအတွက်လည်း အာမခံချက်မရှိပေ။ ဤအချက်ကို သက်ဆိုင်သူအားလုံး အထူးသဖြင့် စစ်အာဏာရှင်နအဖအနေဖြင့် နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ကြိုတင်သတ်မှတ်ချက်မရှိပဲ တွေ့ဆုံဆွေးနွေးမှုပြုပါက မြန်မာပြည်တွင်းနေထိုင်လျက်ရှိသူအားလုံး၏အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်နိုင်မည့်အခွင့်အလမ်းပေါ်ပေါက်လာနိုင်ခြေရှိသည်။ ထိုမှတဆင့် ဆွေးနွေးမှုများမှ သဘောတူညီချက်များရရှိလာမည်ဆိုပါက အနာဂတ်အရေးအတွက်လည်း အာမခံချက်များရှိလာမည်ဖြစ်သည်။ သားရွှေအိုးထမ်းလာသည်ကို မြင်ရမည့်ကိန်းဖြစ်သည်။ ထို့ကြောင့် နအဖစစ်အုပ်စုအနေဖြင့် တဘက်သတ်ကျသော အမြင်၊ သဘောထား၊ အယူအဆများဖြင့် ပြဿနာကိုချဉ်းကပ်ခြင်းမပြုပဲ အာမခံချက်ရှိသောအနာဂတ်အရေးကိုမျှော်တွေး၍ အဲန်အဲလ်ဒီ၏တရားဝင်သဘောထား ရပ်တည်ချက်ကို တုံ့ပြန်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပေသည်။

# အဖွဲ့ချုပ်ရွေးကောက်ပွဲဝင်ရန်ရည်ရွယ် ပြုသာပြင်သာမူဝါဒကိုဆက်လက်ကိုင်စွဲ

**NEJ၊ ဧပြီလ ၃၀။** ။ တောင်းဆိုချက် ၃ ရပ်ကိုလိုက်လျော့မည်ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရွေးကောက်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ကြောင်း အဖွဲ့ချုပ်၏စုံညီအစည်းအဝေးအပြီး ယမန်နေ့ထုတ်ပြန်ကြေညာစာတမ်းတွင် တင်ပြထားပါသည်။

တောင်းဆိုချက် ၃ ရပ်မှာ အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိပြန်လွှတ်ပေးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့်အချက်များကို ပြင်ဆင်ပေးရေးနှင့် အားလုံးပါဝင်နိုင်မည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာ၏စောင့်ကြပ်လေ့လာမှုကို ခွင့်ပြုရေး၊ စသည့်အချက်များကိုတောင်းဆိုထားသည်။

ယင်းတောင်းဆိုချက်များကိုလိုက်လျောပါက NLD သည် ပေါ်ပေါက်လာမည့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသောဥပဒေတို့ကို လေ့လာစဉ်းစားပြီး ရွေးကောက်ပွဲဝင်ရန်ရည်ရွယ်သည်ဟု ထုတ်ပြန်ကြေညာသည်။ အဆိုပါထုတ်ပြန်ချက်ပါတောင်းဆိုချက်များနှင့်ပတ်သက်၍ NLD ၏သဘောထား၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းများ၊ နအဖ ၏လိုက်လျောမှုရှိနိုင်မည့်အခြေအနေများကို NLD ပြောခွင့်ရသူတဦးဖြစ်သူဦးဉာဏ်ဝင်းအားဆက်သွယ်မေးမြန်းခဲ့ပါတယ်။

ရွေးကောက်ပွဲဝင်ရန်ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဦးဉာဏ်ဝင်းက "ကျနော်တို့ Move နည်းနည်းလုပ်တာပေ့ါ။ အရင်ရပ်တည်ချက်တွေပြင်တော့မပြင်ဘူး။ သို့သော် ကျနော်တို့ပြင်သာပြောင်းသာဖြစ်တဲ့ တောင်းဆိုချက်မျိုး၊ နောက်ပြီးတော့ ဖြစ်နိုင်ခြေရှိတဲ့တောင်းဆိုချက်မျိုးကို ပြုပြင်ပြီးတော့ တောင်းဆိုတဲ့သဘောပါ။" ဟုပြောပါတယ်။ ဆက်လက်ပြီး နအဖ ၏ဖွဲ့စည်းပုံသည် ဒီမိုကရေစီစံနှုန်းများဖြင့် မကိုက်ညီကြောင်းရှင်းပြပါတယ်။

"လိုရင်းကိုချုံပြောရရင်တော့ ၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေက ပြည်သူရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်က အဓိကမဟုတ်ဘဲနဲ့ စစ်တပ်က အဓိကဖြစ်နေတယ်။ ဒါ ဒီမိုကရေစီစံနှုန်းနဲ့ လုံးဝမကိုက်ညီဘူး။ တချက်ချင်းအသေးစိတ်ဆိုရင်တော့ အများကြီးဘဲ။" ဟု ဦးဉာဏ်ဝင်းကပြောပါတယ်။ NLD အနေဖြင့် ပြည်သူ့အကျိုးကိုမျှော်ကိုး၍ ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်သည်ဟုလည်း ဦးဉာဏ်ဝင်းကပြောပါတယ်။

"သာမန်အားဖြင့်တော့ သူတို့သွားနေတဲ့လမ်းကြောင်းက လိုက်လျောဘို့မရှိပါဘူး။ သို့သော်လည်း ဒီတောင်းဆိုချက်သုံးရပ်သည် အများပြည်သူက မျှတတဲ့တောင်းဆိုချက်လို့ မြင်သာတဲ့ကိစ္စများဖြစ်တဲ့အတွက် ကျနော်တို့တစုံတရာ

**စာမျက်နှာ ၄ သို့**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲဆိုင်ရာသဘောထား ထုတ်ပြန်

**DVB ။ ဧပြီ ၃၀ ။** ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးတာအပါအဝင် တောင်းဆိုချက်တွေကို နအဖဘက်က လိုက်လျောမယ်ဆိုရင် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ကိစ္စကို အထူးအလေးထားစဉ်းစားမယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီနေ့ ကြေညာချက်ထုတ်ပြန် ပြောဆိုလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးမှာ အဖွဲ့ချုပ်အလုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တွေနဲ့ နိုင်ငံတဝန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ်နဲ့တိုင်းတွေက စည်းရုံးရေးကော်မတီဝင်တွေ မနေ့ကနဲ့ ဒီနေ့ စုံညီညှိနှိုင်းဆွေးနွေးခဲ့ပြီး ဒီညနေမှာ ထုတ်ပြန်လိုက်တဲ့ သုံးမျက်နှာရှိတဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းမှာ ဖော်ပြလိုက်တာဖြစ်ပါတယ်။ ကြေညာစာတမ်းမှာ တပ်မတော်နဲ့ အဖွဲ့ချုပ်ထိပ်သီးခေါင်းဆောင်တွေ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားဘဲ တွေ့ဆုံဆွေးနွေးပွဲဟာ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့်နည်းလမ်းဖြစ်တယ်လို့ ဖောင်းပေးဖော်ပြထားပါတယ်။ အဲဒီအထဲက ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားနဲ့ပတ်သက်လို့ အဖွဲ့ချုပ်ဗဟိုပြန်ကြားရေး အဖွဲ့ဝင် ဦးအုန်းကြိုင်က ဖတ်ပြပါတယ်။

"နောင်ပေါ်ပေါက်လာမယ့် ရွေးကောက်ပွဲသဘောထားကိုလည်း ကျနော်တို့ ဖေါ်ပြထားတယ်။ အဖွဲ့ချုပ်သည် ဖေါ်ပြပါ အခြေခံကျသော ပြဿနာများကို တွေ့ဆုံဆွေးနွေးဖြေရှင်းခြင်းဖြင့်သာ ရေရှည်တည်တံ့မှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံရေးတိုးတက်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည်ဟု ယုံကြည်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီသည် တွေ့ဆုံဆွေးနွေးဖြေရှင်း ပြေလည်ရေးဆီသို့ မျက်နှာမမူဘဲ နောင်လာမည့်ရွေးကောက်ပွဲကို တဖက်သတ်မိမိအစီအစဉ်ဖြင့် ကျင်းပခဲ့လျှင် အဖွဲ့ချုပ်က မည်သို့ရပ်တည်သွားမည်နည်းဆိုသည်ကို ပြည်သူလူထုအား အသိပေးမည်။ ဒီမိုကရေစီစရိုက်တွင် ရွေးကောက်ပွဲဟူသည် ဖြတ်သန်းရမည့်မှတ်တိုင်တခုဖြစ်သည်ဟု အဖွဲ့ချုပ်က လက်ခံထားသည်။ အဖွဲ့ချုပ်သည် ဒီမိုကရေစီတိုက်ပွဲကို စွန့်ခွာမည်မဟုတ်။ အဖွဲ့ချုပ်သည် မည်သည့်အခြေအနေတွင်မဆို ပြည်သူလူထုနှင့် တသားတည်း ရှိနေမည်ဖြစ်သည်။"

"သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီက နောင်ပေါ်ပေါက်လာမည့်ရွေးကောက်ပွဲကို မိမိအစီအစဉ်အဖြင့် တဖက်သပ်ကျင်းပမည်ဆိုပါက... (၁) အဖွဲ့ချုပ်က ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးလျှင် (၂) ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့် အချက်များကို ပြင်ဆင်ပေးလျှင် (၃) အားလုံးလွှမ်းခြုံပါဝင်နိုင်မည့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲအဖြစ် နိုင်ငံတကာက စောင့်ကြပ်လေ့လာမှုကိုခွင့်ပြုလျှက် ကျင်းပမည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကို သယ်ဆောင်နိုင်ရန်ရည်မျှော်၍ ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲတွင် စပ်လျဉ်းသော ဥပဒေတို့ကိုလေ့လာပြီး အထူးကိစ္စတရပ်အနေဖြင့် အလေးထားစဉ်းစား၍ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကြောင်း ဤကြေညာစာတမ်းကို အလေးအနက်ထုတ်ပြန်လိုက်သည်။"

လက်ရှိအာဏာရှိ စစ်ခေါင်းဆောင်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မထားဘဲ တွေ့ဆုံဆွေးနွေးကြဖို့ကိစ္စဟာ အဓိကကျတဲ့အကြောင်း ကြေညာချက်ပါအချက်ကို ဦးအုန်းကြိုင်က ရှင်းပြပါတယ်။

"ကြေညာချက်က အဓိကအားဖြင့်တော့ တွေ့ဆုံဆွေးနွေးရေးပဲဗျ၊ တိုင်းပြည်မှာ အဖွဲ့ချုပ်ကရပ်တည်ထားချက်အရ အရေးတကြီးဖြေရှင်းရမယ့်ပြဿနာတွေရှိတာပေါ့ဗျာ။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့၊ နောက်တခုက ပြည်သူ့လွှတ်တော် ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုရေး၊ နောက်ပြီးတော့ တွေ့ဆုံဆွေးနွေးရေးရှိတယ်ပေါ့။ အဲ့ဒါတွေက လက်ရှိဖြေရှင်းရမယ့် ပြဿနာတွေပဲ။ အဲ့ဒီမှာ တွေ့ဆုံဆွေးနွေးရေးဟာ အဓိကအကျဆုံးဖြစ်တယ်။ ဆုံးဖြတ်ပေးနိုင်တဲ့ခေါင်းဆောင်တွေ ကြိုတင်စည်းကမ်းကန့်သတ်ချက်မရှိပဲနဲ့ ဆွေးနွေးလိုက်မယ်ဆိုရင် အဲ့ဒီ တွေ့ဆုံဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့သဘောတူညီချက်ဟာ တိုင်းပြည်ရဲ့လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေကို ပြေလည်သွားမယ်လို့ ကျနော်တို့က ယုံကြည်တယ်။ ကျနော်တို့ဘက်က တွေ့ဆုံဆွေးနွေးရေးပွဲမှာ ဒီအကြောင်းအရာတွေလည်း ထည့်ပြီးဆွေးနွေးကြမယ်ဆိုရင် အဲ့ဒီက ထွက်ပေါ်လာတဲ့ လမ်းကြောင်းအတိုင်း တညီတညွတ်တည်း ဆက်လက် ချီတက်သွားမယ်လို့ အဓိကပြောချင်တာပါ။ တိုင်းပြည်မှာ ဒီနေ့ဖြေရှင်းရမယ့် အခက်အခဲတွေ၊ ကိစ္စတွေ ရှိနေတယ်။"

အဖွဲ့ချုပ်က မျှော်မှန်းထားတဲ့ ဆွေးနွေးပွဲအစီအစဉ်ကိုလည်း ဦးအုန်းကြိုင်က ဖတ်ပြပါတယ်။

"အဖွဲ့ချုပ်က မျှော်မှန်းထားသော ဆွေးနွေးပွဲအစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁) ကြိုတင်စည်းကမ်းကန့်သတ်ထားခြင်းမရှိသော တွေ့ဆုံဆွေးနွေးပွဲကို အဆုံးဖြတ်ပေးနိုင်မည့်ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ကာ အပြန်အလှန်လေးစားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုကို အခြေခံထားတဲ့ တွေ့ဆုံဆွေးနွေးပွဲကို အမြန်ဆုံးကျင်းပရန်။ (၂) ဆွေးနွေးပွဲများတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှ အခွင့်အရေးများရရှိစေရေး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိလွှတ်ပေးရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ကို ပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ကို တနည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နောင်လာမည့် ရွေးကောက်ပွဲများအရေး၊ လက်ရှိပြည်သူလူထု၏ ဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာစေရေးတို့ပါဝင်စေရန်။ (၃) ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ရလဒ်များကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ဖွဲ့စည်းမည့်ပြည်သူ့လွှတ်တော်တွင် အတည်ပြုချက်ရယူခြင်းဖြင့် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရာရောက်အောင် စီစဉ်ရန်။ (၄) လွှတ်တော် အတည်ပြုပြီးသော သဘောတူဆုံးဖြတ်ချက်များအရ ထွက်ပေါ်လာမည့် အနာဂတ် နိုင်ငံရေးလမ်းကြောင်းအတိုင်း သက်ဆိုင်သူများအားလုံးက ဒီမိုကရေစီနိုင်ငံတော်သစ် တညီတညွတ်တည်း ဆက်လက်အကောင်အထည်ပေါ်သွားရန်ဖြစ်သည်။"

# ရှေ့နေဦးဖိုးဖြူအတွက်အယူခံလက်ခံ

**DVB ။ ဧပြီ ၂၉ ။** ။ ထောင်လေးနှစ်ကျနေတဲ့ ရှေ့နေ ဦးဖိုးဖြူအတွက် လာမယ့်မေလ ၇ ရက်နေ့ကျရင် ခရိုင်တရားရုံးမှာ လျှောက်လဲချက်ပေးတော့မယ်လို့ ကိုဖိုးဖြူရဲ့ အမှုလိုက်ရှေ့နေ ဦးမြင့်သွင်က ပြောပါတယ်။

"မကွေးခရိုင်တရားရုံးကနေ ကျနော်တို့က အယူခံပြီးတော့ ကိုဖိုးဖြူကို ပြစ်ဒဏ်ကလွှတ်ပေးဖို့ တက်ထားတာကို မကွေးခရိုင်တရားရုံးက လက်ခံရရှိထားပါတယ်။ အခု ၇ ရက်နေ့ကျ ရင်တော့ ကျနော်တို့ နောက်ထပ် လျှောက်လဲချက်ပေးဖို့အတွက် မကွေးခရိုင်တရားရုံးကို ထပ်သွားရမှာပါ။"

ရှေ့နေဦးဖိုးဖြူဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိစ္စနဲ့စပ်လျဉ်းတဲ့အမှုကိစ္စတွေမှာ လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေတွေထဲက တဦးဖြစ်ပါတယ်။ မကွေးတိုင်းက လယ်သမားတွေရဲ့ လယ်မြေကေ ထောင်ပေါင်းများစွာကို စစ်တပ်က သိမ်းတဲ့အပေါ် လယ်သမားတွေက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (အိုင်အယ်လ်အို) ကိုတိုင်ကြားရင်း ဖမ်းဆီးတရားစွဲခံရတဲ့အမှုမှာ ဦးဖိုးဖြူက လယ်သမားတွေဘက်က လိုက်ပါဆောင်ရွက်နေတုန်း သူကိုယ်တိုင်အဖမ်းခံရတာပါ။

ဒီနောက် မကွေးခရိုင်တရားရုံးက မတရားသင်းဖွဲ့စည်းမှုနဲ့ မတ်လ လယ်မှာ ထောင် ၄ နှစ် ချမှတ်ခဲ့တာဖြစ်ပါတယ်။

# တရုတ်–အာဆီယံကုန်သွယ်ရေး

**ဦးအောင်ခင်**
**မျက်မှောက်ရေးရာသုံးသပ်ချက်**

ထိုင်းနိုင်ငံကဆန္ဒပြပွဲကြောင့် ဧပြီလကဖျက်သိမ်းလိုက်ရတဲ့ အာဆီယံထိပ်သီးညီလာခံမှာ တရုတ်ရဲ့ငွေရင်းနှီးမြှုပ်နှံမှုစီမံကိန်းကိုကြေညာဖို့ တရုတ်ဝန်ကြီးချုပ်က အားခဲထားပြီးမှ မကြေညာလိုက်ရတဲ့အတွက် ဒီအကြောင်းကို တရုတ်အစိုးရဆင်ဟွာသတင်းဌာနကတဆင့် ဖော်ပြလိုက်ရပါတယ်။

ဒါကြောင့် ဒီကိစ္စကိုဘဲ ဧပြီလ ၁၈ ရက်နေ့က တရုတ်တောင်ပိုင်း ဟိုင်နန်ကျွန်း၊ ဘော်အောင်းမြို့မှာကျင်းပတဲ့ 'ဘော်အောင်းယရှောင်လွန်းထန်' Bo ao Yazhou Luntan လို့ခေါ်တဲ့ ဘော်အောင်းစီးပွားရေးဆွေးနွေးပွဲမှာ တရုတ်ဝန်ကြီးချုပ်ကထပ်မံရှင်းပြပါတယ်။ တရုတ်ပြည်တွင်းမှာရော အရှေ့တောင်အာရှမှာရော စီးပွားရေးရှင်သန်အောင်လုပ်မယ့် အစီအစဉ်ကို ဆွေးနွေးသွားတာပါ။

ဘော်အောင်းစီးပွားရေးဆွေးနွေးပွဲစတင်ကျင်းပတဲ့ ၂၀၀၁ ခုနှစ်မှာဘဲ အာဆီယံ ၁၀ နိုင်ငံနဲ့တရုတ်ခေါင်းဆောင်တွေက အကောက်ခွန်မယူဘဲ ကုန်သွယ်နိုင်အောင်ကြိုးပမ်းဖို့ သဘောတူကြပါတယ်။ အခွန်မဲ့ကုန်သွယ်ရေးဟာ တရုတ်ပြည်တိုးတက်ဖွံ့ဖြိုးရေးရဲ့ အစိတ်အပိုင်းတခုပါဘဲ။ အခုလိုကမ္ဘာ့စီးပွားရေးကျဆင်းနေချိန်မှာ တရုတ်–အာဆီယံပူးပေါင်းမှုအဆင့်ကို တိုးမြှင့်ဖို့လိုကြောင်း အာဆီယံရေးရာတရုတ်အမျိုးသမီးသံအမတ် ရွှေဟန်ချင်းက မကြာမီကပြောသွားပါတယ်။ အခွန်မဲ့ကုန်သွယ်ရေးဒေသသတ်မှတ်ရုံတင်မကဘဲ စီးပွားရေးအခြေခံအ ဆောက်အဦဖြစ်တဲ့ ကားလမ်း၊ မီးရထားလမ်း၊ လေကြောင်းသွားလာမှု၊ တယ်လီကွန်းဆက်သွယ်မှုစတာတွေမှာပါ ပူးတွဲလုပ်ကိုင်ဖို့လိုအပ်လာပြီလို့ ပြောပါတယ်။

စင်္ကာပူကတရုတ်သံအမတ်နဲ့ မတ်လနှောင်းပိုင်းက မြန်မာပြည်လာသွားတဲ့ ဗဟိုကော်မတီဝင် လီချန်ချွန်းကလည်းဒီအတိုင်းဘဲပြောတယ်။ ဒီလိုလုပ်နိုင်အောင် ငွေရင်းစိုက်ထုတ်ဖို့ တရုတ်ဝန်ကြီးချုပ်ကပြောတာပါဘဲ။ အာဆီယံဒေသမှာ အမေရိကန်ဒေါ်လာသန်း ၁ သောင်းဘိုး ရင်းနှီးမြှုပ်နှံဖို့နဲ့အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကို ငွေချေးငှားဖို့ ဒေါ်လာသန်း ၁၅,၀၀၀ သုံးဖို့ တရုတ်အစိုးရကသတ်မှတ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ဂျာဘောင်းကပြောသွားပါတယ်။

ဒီအထဲမှာ အဆင်းရဲဆုံးနောက်ကျနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားကို ဒေါ်လာသန်း ၄၀ လောက် ထောက်ပံ့မှာဟာ သိပ်ထူးမှာမဟုတ်ပါဘူး။ ဒီငနာသုံးနိုင်ငံရဲ့ စီးပွားရေးကဏ္ဍဟာ မပြောပလောက်ပါဘူး။ တရုတ်ရဲ့အဓိကပစ်မှတ်က တရုတ်–အာဆီယံ အခွန်ကောက်မဲ့ကုန်သွယ်ရေးဒေသ အပြည့်အဝအကောင်အထည်ပေါ်ရေးဖြစ်ပါတယ်။ ၃ ရက်ကြာ ဘော်အောင်းစီးပွားရေးဆွေးနွေးပွဲကို နိုင်ငံရေး စီးပွားရေးနဲ့ ပညာရှင် ၁,၆၀၀ ခန့်တက်ရောက်အထဲ ကြပ်ပြေးသန်းရွှေရဲ့တပည့် သိန်းစိန်လည်းပါဝင်နေတာတွေ့ရတယ်။ တရုတ်ရဲ့ထောက်ပံ့ကြေးရနိုင်တဲ့အစိုးရတွေထဲမှာ ဗမာလည်းပါဝင်နေတာကြောင့် ဆင်ပေါ်မှာဆောင်းတဲ့ထီးကို အောက်ကခွေးကမျှော်ရတဲ့ 'ဆင်ထီးခွေးမျှော်' ဇာတ်ထဲက သိန်းစိန်ပါဝင်နေရတယ်။ ဝမ်ဂျာဘောင်းကလည်း ဒေါ်လာသန်း အနည်းငယ်ကူညီဖို့ သိန်းစိန်ဝမ်းသာအောင် လေပေးလိုက်တယ်ဆိုဘဲ။

ရှေ့နှစ်မှာပြီးပြည်စုံမယ့် တရုတ်–အာဆီယံကုန်သွယ်ရေးဒေသမှာ မူရင်းအာဆီယံ ၆ နိုင်ငံဖြစ်တဲ့ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနေရှား၊ ဘရူနိုင်းနဲ့ဖိလစ်ပိုင်နိုင်ငံသာ ပါဝင်မှာဖြစ်တယ်။ ထပ်တိုးအာဆီယံ ၄ နိုင်ငံဖြစ်တဲ့ မြန်မာ၊ လာအိုကမ္ဘောဒီးယားနဲ့ဗီယက်နမ်ကတော့ ငါးနှစ်နောက်ကျပြီး ၂၀၁၅ ရောက်မှ အခွန်မဲ့ဒေသမှာ အပြည့်အဝပါဝင်နိုင်ပါလိမ့်မယ်။ အရှေ့တောင်အာရှဒေသက ကုန်ကြမ်းပစ္စည်းမှန်မှန်ရနိုင်ဖို့နဲ့ တရုတ်ပို့ကုန်ရောင်းရဖို့ကိစ္စဟာ တရုတ်ရဲ့တိုးတက်ကြီးပွားရေးလမ်းစဉ်ပါဘဲ။ တရုတ်–အာဆီယံအခွန်မဲ့ကုန်သွယ်ရေးဒေသ တည်ထောင်တာဟာ တရုတ်ရဲ့ဩဇာအရှိန်အဝါကို တိုးပွားစေတယ်လို့ယူဆကြပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေများလာလေလေ တရုတ်ရဲ့ဩဇာအရှိန်အဝါလည်း ကြီးမားလေလေဖြစ်လာမယ်လို့ ခန့်မှန်းကြပါတယ်။

လာမယ့် ၂၀၁၀ မှာ တရုတ်–အာဆီယံအခွန်မဲ့ကုန်သွယ်ရေးစနစ်ကို ရည်မှန်းထားတဲ့အတိုင်း အပြည့်အဝကျင့်သုံးနိုင်လိမ့်မယ်လို့ နှစ်ဘက်စလုံးကယုံကြည်ပါတယ်။ ၂၀၁၀ မှာ တရုတ်–အာဆီယံကုန်သွယ်ရေးပမာဏကို ဒေါ်လာသန်းပေါင်း ၂ သိန်းရှိရမယ်လို့ ရည်မှန်းခဲ့ကြပေမယ့် ၂၀၀၈ မှာ ဒေါ်လာသန်းပေါင်း ၂ သိန်း ၃ သောင်းကျော်နေတာမို့ ရည်ရွယ်တာထက် ၂ နှစ်စောပြီး အကောင်အထည်ပေါ်နေတာတွေ့ရပါတယ်။ တရုတ်–အာဆီယံအခွန်မဲ့ကုန်သွယ်ရေးဒေသဟာ လူဦးရေသန်း ၁,၉၀၀ ရှိတဲ့ ဈေးကွက်ကြီးဖြစ်နေတာမို့ ပြိုင်ဆိုင်မှုစွမ်းရည်ရှိတဲ့နိုင်ငံတွေအတွက် တိုးတက်ကြီးပွားဖို့အခွင့်အလမ်းများပါတယ်။ အာဆီယံ ၁၀ နိုင်ငံဟာ လုပ်ရည်ကိုင်ရည်တူကြတာမဟုတ်ပါဘူး။

တရုတ်နဲ့အာဆီယံဟာ ဆင်နဲ့ဆိတ်လိုဖြစ်နေပါတယ်။ အာဆီယံတနိုင်ငံချင်းအနေနဲ့ရော အဖွဲ့အနေနဲ့ရော တရုတ်ကိုမယှဉ်နိုင်ပါဘူး။ ဒါကြောင့်မို့ စုပေါင်းပြီး တရုတ်ကိုရင်ဆိုင်တာဟာ တဦးချင်းရင်ဆိုင်တာထက် အခွင့်အလမ်းပိုများတယ်လို့ယူဆကြပါတယ်။ တရုတ်ကိုအရင်ကလို အန္တရာယ်လို့မမြင်ကြတော့ပါဘူး။ ငြိမ်းချမ်းစွာတိုးတက်ဖွံ့ဖြိုးရေးလမ်းစဉ်ကျင့်သုံးတဲ့ တရုတ်ရဲ့စီးပွားရေးတိုးတက်မှုမှာ ပါဝင်နိုင်ဖို့အခွင့်အလမ်းကို အာဆီယံကလိုချင်နေကြပါတယ်။ ဒါကြောင့် တရုတ်–အာဆီယံအခွန်မဲ့ကုန်သွယ်ရေးဒေသကို တည်ထောင်ရတာဖြစ်ပါတယ်။

ဒါပေမယ့် ဒီနေရာမှာသတိထားရမှာက တရုတ်နဲ့အာဆီယံ ၁၀ နိုင်ငံဟာ တဦးရဲ့လိုအပ်ချက်ကိုတဦးက ဖြည့်ဆည်းပေးနေတာမဟုတ်ဘဲ အမြတ်အစွန်းရဖို့ ပြိုင်ဆိုင်နေတာဆိုတဲ့အချက်ဖြစ်ပါတယ်။ တရုတ်လုပ်ငန်းရှင်တွေမှာ ပြိုင်ဆိုင်မှုစွမ်းရည်ရှိကြသလို မူရင်းအာဆီယံ ၆ နိုင်ငံမှာလည်း ပြိုင်ဆိုင်အားရှိကြပါတယ်။ ထပ်တိုးအာဆီယံ ၄ နိုင်ငံဖြစ်တဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနဲ့ဗီယက်နမ်ဟာ တရုတ်နဲ့ယှဉ်ပြိုင်ဖို့အခက်အခဲအများကြီးရှိပါတယ်။ အလုပ်သမားအင်အားအကောင်းဆုံးဖြစ်တဲ့ တရုတ်ပြည်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ အာဆီယံ ၁၀ နိုင်ငံရဲ့သုံးဆဖြစ်ပါတယ်။

တရုတ်ပြည်အပါအဝင် ကမ္ဘာ့ဈေးကွက်မှာ ပြိုင်ဆိုင်နိုင်ဖို့အတွက် ပြည်တွင်းစီးပွားရေးအခြေခံတွေ တောင့်တင်းဖို့လိုပါတယ်။ အားနည်းချက်ကိုပြုပြင်ပြောင်းလဲပြီး ခေတ်မီအောင် အားသစ်လောင်းဖို့လိုပါတယ်။ အတတ်ပညာနဲ့အသိပညာကြွယ်ဝမှသာ စီးပွားရေးကိုအဆက်မပြတ်ရှင်သန်တိုးတက်အောင်လုပ်ပြီး နိုင်ငံတကာနဲ့ပြိုင်ဆိုင်နိုင်မှာပါ။ ပြုပြင်ပြောင်းလဲရာမှာ စင်္ကာပူ၊ မလေးရှားနဲ့ထိုင်းကမြန်ဆန်ပြီး ကျန်အာဆီယံနိုင်ငံတွေကတော့ ပြဿနာအမျိုးမျိုးကြောင့် ပြုပြင်ပြောင်းလဲရေးမလုပ်နိုင်ကြပါဘူး။ ခေတ်နဲ့အမီမလိုက်နိုင်တဲ့ အာဆီယံနိုင်ငံတွေဟာ တရုတ်ကုမ္ပဏီတွေရဲ့ပြိုင်ဆိုင်မှုဒဏ်ကို အများဆုံးခံရလိမ့်မယ်လို့ ခန့်မှန်းနေကြပါတယ်။

၁၉၉၇ အာဆီယံငွေကြေးပြဿနာအပြီးမှာ အာဆီယံနိုင်ငံတွေ တရုတ်ကိုအတော်အထင်ကြီးသွားတဲ့အတွက် အရင်ကထက်ပိုပြီးယုံကြည်လာပါတယ်။ ဒီကြားထဲ စင်္ကာပူကိုတရုတ်ကဝင်ပြီး ဘေးတီးပေးတာကြောင့် အာဆီယံအပေါ်မှာ တရုတ်ဩဇာကြီးမားလာတယ်။ အခုစီးပွားရေးအကျပ်အတည်းမှာလည်း တရုတ်က တချက်ခုတ်နှစ်ချက်ပြတ်လုပ်နေတာမို့ အရင်ကထက်ပိုပြီး အာဆီအယံအပေါ် ဩဇာအရှိန်အဝါကြီးမားလာမှာသေချာပါတယ်။ ဒါပေမယ့် ဒီလိုကြီးမားလာတဲ့ဩဇာအရှိန်အဝါကိုသုံးပြီး မြန်မာပြည်မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်အောင် ကူညီမလားဆိုတာကိုတော့ စောင့်ကြည့်ရပါလိမ့်မယ်။

---

**စာမျက်နှာ ၂ မှ**

အကျိုးရှိနိုင်တယ်လို့မျှော်လင့်ပြီးတော့ အခုလိုပြုပြင်တောင်းဆိုတာဖြစ်ပါတယ်။ ကျနော်တို့ဒီကြေညာချက်နဲ့ ဆွေးနွေးပွဲတွေဟာ နှစ်ဘက်တွေ့ဆုံညှိနှိုင်းလို့ရှိရင် ပြေလည်နိုင်တယ်။ NLD ဘက်ကတော့ ပြုသာပြင်သာမူဝါဒကို ကိုင်ဆွဲတယ်ဆိုတာကို အသိပေးတာပါ။"ဟု ပြောပါတယ်။

နအဖ အစိုးရဘက်မှ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ်ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေး စသည်တို့ကို စွန့်လွှတ်ကြောင်းကြေညာရန်နှင့် ယင်းသို့ကြေညာပါက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးမည်ဟု တရားဝင်ကြေညာချက်ထုတ်ပြန်ထားသည်။

# ကမ္ဘာနဲ့ မြန်မာလူထု၏ဆန္ဒအား လျစ်လျူရှုတဲ့ နအဖပိုလ်ချုပ်တွေကို ရှုတ်ချ

**DVB ၊ ဧပြီလ ၂၇ ။** ။ နအဖစစ်အုပ်စုက ကုလသမဂ္ဂနဲ့ ဒီမိုကရေစီအင်အားစုတွေ မေတ္တာရပ်ခံချက်ကို လျစ်လျူရှုပြီး ၂၀၁၀ ရွေးကောက်ပွဲကို အတင်းအကျပ်ဆက်လုပ်ဖို့ ဦးတည်နေတဲ့လုပ်ရပ်ကို ကေအန်ယူ ကရင်အမျိုးသား အစည်းအရုံးက ပြစ်တင်ရှုတ်ချလိုက်ပြီး စစ်အုပ်စုရဲ့လုပ်ရပ်ကို မထောက်ခံကြဖို့ ကမ္ဘာ့အသိုက်အဝန်းကို တောင်းဆိုလိုက်ပါတယ်။

စစ်အုပ်စုကြောင့်ဖြစ်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ မကြံုစဖူးများလွန်းနေတာ၊ သတင်းလွတ်လပ်ခွင့်မရှိတာ၊ လွတ်လပ်စွာထုတ်ဖော်ခွင့် မရှိတာစတဲ့ အခြေနေတွေကို ထောက်ရှုပြီး ဒီရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတဖို့ မဖြစ်နိုင်ဘူးလို့ ကေအန်ယူကထုတ်ပြန်တဲ့ မနေ့ကကြေညာချက်မှာ ထောက်ပြထားပါတယ်။ တကယ်လို့ အဲဒီရွေးကောက်ပွဲဟာ လွတ်လပ်မျှတတယ်ဆိုဦးတော့ မြန်မာပြည်အတွက် ဘာအပြောင်းအလဲမှ ဖြစ်လာမှာမဟုတ်ဘူးလို့ ကေအန်ယူက ထောက်ပြပါတယ်၊ တိုင်းပြည်အုပ်ချုပ်ရေးမှာ စစ်တပ်အာဏာကြီးစိုးနေအောင် သူတို့စိတ်တိုင်းကျ စီမံထားတာဖြစ်လို့ စစ်အုပ်စုစီမံတဲ့ ဒီရွေးကောက်ပွဲဟာ မလွတ်လပ် မမျှတနိုင်ဘူးလို့ ကေအန်ယူ ဒုတိယဥက္ကဋ္ဌ ပဒိုဒေးဗစ်သာ့ကပေါ်က ရှင်းလင်းပြောကြားပါတယ်။

“ပါလီမန်ကိုလည်း စစ်တပ်က ချုပ်ကိုင်ထားမယ်၊ စစ်တပ်ကိုယ်စားလှယ်က ပါလီမန်မှာ ၂၅ ရာခိုင်နှုန်းပါနေမယ်။ ဒ့ါအပြင် စစ်တပ်ရဲ့ရုပ်သေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေကပဲ ကိုယ်စားလှယ်တွေရထားမယ်၊ တရားစီရင်ရေးဌာနကလည်း လွတ်လပ်ခွင့်ရှိမှာမဟုတ်ဘူး။ လက်ရှိ စစ်အုပ်စုအာဏာရှင်စံနစ်ပုံစံအတိုင်းပဲ ဖြစ်မယ်။ ရွေးကောက်ပွဲကို ဆက်လုပ်မယ်ဆိုရင် ငြိမ်းချမ်းမှု မဖြစ်ပေါ်နိုင်ဘူး။”

ဒီအခြေခံဥပဒေဟာ ဒီမိုကရေစီထွန်းကားမယ့် ဥပဒေမဟုတ်တာကြောင့် အဲဒီဥပဒေကို အခြေခံထားတဲ့ ရွေးကောက်ပွဲရလဒ်ဟာလည်း တိုင်းရင်းသားတွေလိုလားတဲ့ ပြည်ထောင်စုစံနစ်ကို ဦးမတည်ပါဘူးလို့လည်း ပဒိုဒေးဗစ် သာ့ကပေါ်က ထောက်ပြပါတယ်။

“အခြေခံဥပဒေကိုက မှားနေတဲ့အခါကျတော့ ဖြစ်ပေါ်လာတဲ့ အစိုးရကလည်း စစ်တပ်ကနေ အရပ်သားအရေခြုံတဲ့ အစိုးရပဲဖြစ်မယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ မတရားမှုတွေ၊ အာဏာရှင်စံနစ်အတိုင်းပဲ ဆက်လက်ရှိနေမယ်။”

မနှစ်က နာဂစ်မုန်တိုင်းဘေးသင့်သူတွေကို လျစ်လျူရှုပြီး စစ်အုပ်စုက ဖွဲ့စည်းပုံအတည်ပြုခိုင်းရေးကိုပဲ စိုင်းပြင်းခဲ့တဲ့လုပ်ရပ်ကို ကေအန်ယူက ပြစ်တင်ရှုတ်ချပါတယ်။ ဒီဖွဲ့စည်းပုံဟာ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု ဝိသေသတွေကိုခွင့်ပြုမထားတဲ့ အချက်ကိုလည်း ကေအန်ယူက ထောက်ပြသတိပေးထားပါတယ်၊ တိုင်းရင်းသားတန်းတူညီမျှမှုအပါအဝင် စစ်မှန်တဲ့ ဒီမိုကရေစီ၊ အခြေခံလူ့အခွင့်အရေးတို့နဲ့သာလျှင် မြန်မာပြည် အေးချမ်းတည်ငြိမ်နိုင်မှာဖြစ်လို့ စစ်အုပ်စုလိမ်လည်တဲ့ အတုအယောင် အစီအမံတွေကိုလက်မခံဘဲ ရည်မှန်းချက်ရောက်အောင် ပူးပေါင်းဆောင်ရွက်ပါလို့ နိုင်ငံတကာအသိုက်အဝန်းကို ကေအန်ယူက တောင်းဆိုလိုက်ပါတယ်။ ကုလသမဂ္ဂနဲ့ကမ္ဘာ့တိုင်းပြည်တွေရဲ့ တောင်းဆိုချက်ကိုလက်ခံပြီး စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးကို ဆောင်ရွက်ဖို့လည်း နအဖစစ်အုပ်စုကို ကေအန်ယူက တိုက်တွန်းပါတယ်။

# အဖွဲ့ချုပ်ဝင်များ ကြိုတင်ညှိနှိုင်းဆွေးနွေး

**DVB ၊ ဧပြီလ ၂၇ ။** ။ မနက်ဖြန်မှာကျင်းပမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စုံညီအစည်းအဝေးအတွက် တိုင်းနဲ့ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေ စည်းရုံးရေးအဖွဲ့ဝင်တွေ ရန်ကုန်မြို့ကို ရောက်ရှိနေပါတယ်။

စုစုပေါင်း အင်အား ၁၀၀ လောက်ရောက်ရှိနေပြီး ဒီနေ့ရုံးချုပ်မှာကြိုတင်ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်တယ်လို့ အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ကျနော်တို့လုပ်တယ်ဆိုတဲ့ အကြိုညှိနှိုင်းပွဲဟာ အမျိုးသားဒီမိုက ရေစီအလုပ်အမှု ဆောင်အဖွဲ့က အစည်းအဝေးကိုတင်ပြမယ့် နိုင်ငံရေး၊ စည်းရုံးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်သဘောထား ဒီခေါင်းစဉ် ၃ ရပ်နဲ့တင်ပြထားတယ်၊ အဲ့ဒီတင်ပြချက်တွေကို ဒီနေ့ပြည်နယ်တိုင်းအလိုက်တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ ဆွေးနွေးသုံးသပ် အကြံပြုချက်တွေပေးနိုင်ဖို့ အကြိုညှိနှိုင်းပွဲ ဒီနေ့လုပ်ပါတယ်။”

ဒီအချက် ၃ ချက်ထဲက နိုင်ငံရေးကိစ္စဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲကို အဓိကဆွေးနွေးကြမှာဖြစ်တယ်လို့လည်း ဦးဉာဏ်ဝင်းက ရှင်းပြပါတယ်။

“ကျနော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ ကျနော်တို့ ရီဗျူးလုပ်ဖို့ ပြန်လည်ပြင်ဆင်ဖို့ လိုအပ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့က တင်ပြတယ်၊ တင်ပြချက်အပေါ်မှာ အဖွဲ့ချုပ်ပြည်နယ်တိုင်းက တက်လာတဲ့ပုဂ္ဂိုလ်တွေဆွေးနွေးအကြံပြုမယ်။ စည်းရုံးရေးနဲ့ပတ်သက်ပြီးတော့ စည်းရုံးရေးကဏ္ဍမှာ အဖွဲ့ချုပ်က မိမိတို့လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကို စည်းရုံးရေးကဏ္ဍမှာ တင်ပြပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ပြည်နယ်တိုင်းက အကြံပြုချက်တွေ တင်ပြမှာပါ။ နောက်တခုက နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ ဒီအပေါ်မှာ အဖွဲ့ချုပ်ရဲ့အမြင်သဘောထားကို စာတမ်းမှာတင်ပြပါမယ်၊ ဒီတင်ပြချက်အပေါ်မှာအဖွဲ့ချုပ်ရဲ့တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေ ဆွေးနွေးမယ်၊ ဝေဖန်မယ်၊ အကြံပြုချက်တွေ တင်မယ်။” အသေးစိတ်ကိုတော့ အစည်းအဝေးပြီးမှ ပြောနိုင်မယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

# မုံရွာတွင် သာမန်ထက် အပူချိန် မြင့်မား

**DVB ၊ ဧပြီလ ၂၇ ။** ။ စစ်ကိုင်းတိုင်း မုံရွာခရိုင်မှာ ဒီနေ့ အပူချိန်မြင့်မားလွန်းတဲ့အတွက် ဒေသခံတွေက အပူလှိုင်းဝင်တယ်လို့ ယူဆနေကြပါတယ်၊ စစ်ကိုင်းတိုင်း မုံရွာခရိုင်မှာ နှစ်စဉ်နှစ်တိုင်း ဒီလမှာ အပူချိန်မြင့်မားလေ့ရှိပေမယ့် ဒီနေ့ကျရောက်တဲ့ အပူချိန်ဟာ အခါတိုင်းနှစ်တွေထက် သိသာထူးခြားစွာအပူချိန်လွန်ကဲလွန်းတယ်လို့ စုံစမ်းသိရပါတယ်။

ဒ့ါကြောင့် မြို့ခံတွေဟာ နေလည်ပိုင်းဆိုရင် လမ်းပေါ်ကို သိပ်မထွက်ကြတော့ဘူးလို့ သိရပါတယ်။ အပူချိန်များတဲ့အပြင် မုံရွာမြို့တစိုက်မှာ ဝမ်းပျက် ဝမ်းလျှော ရောဂါကြုံနေရတဲ့အပြင် အချိန်အခါမဟုတ်ဘဲ သွေးလွန်တုပ်ကွေးပါ ဖြစ်နေတယ်လို့ မုံရွာမြို့ခံတဦးက ပြောပါတယ်။

“၁၀ နာရီ နောက်ပိုင်းဆိုရင် လမ်းပေါ်မှာ လူတွေပျောက်သလောက်ကို ဖြစ်နေတယ်။ မုံရွာမြို့နယ် ပတ်လည်တော်တော်များများ အဲသလိုဖြစ်နေတယ် အပူလွန်နေတာပေ့ါ။”

အပူချိန်မြင့်မားလွန်းပေမယ့် မြန်မာနိုင်ငံမိုးလေဝသဌာနက အပူလှိုင်းရှိတယ်ဆိုတာ ကြေငြာတာမရှိပါဘူး။ သတင်းစာတွေကနေ ထူးကဲအပူချိန်များဆိုပြီး စကားလုံး ပြောင်းသုံးထားတာလောက်ပဲ အများသိအောင် ကြေညာပေးတာပဲရှိပါတယ်။ ဒ့ါကြောင့် မုံရွာမြို့က မိုးလေဝသဌာနကို ဖုန်းဆက်မေးမြန်းကြည့်ရာမှာ အပူချိန်က ၄၅ စင်တီဂရိတ်ရှိပြီး မနေ့က အပူချိန်မြင့်မားကြောင်း၊ အပူလှိုင်းအဆင့်အထိ ရောက်မရောက်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း...

“ကျနော်တို့ရုံးကြီးက ဘာမှထုတ်ပြန်ခြင်း မရှိဘူး။ ကျနော်တို့ မသိရပါဘူးခင်ဗျ”လို့သာ ဖြေကြားပါတယ်။ မုံရွာပြည်သူ့ဆေးရုံကြီး တာဝန်ကျဆရာ၊ ဆရာမတွေကို ဖုန်းဆက်မေးမြန်းပေမယ့် “ပြောပိုင်ခွင့်မရှိပါဘူး”လို့ပဲ ဖြေကြားပါတယ်။

မုံရွာ ကျန်းမာရေးဌာနတချို့က အပူလှိုင်းကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတွေ ကာကွယ်ရေး လုပ်ဆောင်မှုတချို့ရှိတယ်လို့ စုံစမ်းသိရပါတယ်။ မုံရွာမြို့ဟာ ရေပေးရေးစနစ် မဆိုးတဲ့အတွက် တမြို့လုံး အတိုင်းအတာနဲ့ ရေရှားပါးမှု မကြုံတွေ့ရပေမယ့် ရပ်ကွက်တွေမှာ ရေအခက်တွေ့နေရတယ်လို့သိရပါ တယ်။

# ဒီမိုကရေစီ၏အခြေခံမှုများ

ကျော်ကျော်စိုး

အပိုင်း ၅

## <u>နိုင်ငံသားများ၏တာဝန်များ</u>

အာဏာရှင်အုပ်ချုပ်မှုနှင့်မတူညီသည်မှာ ဒီမိုကရက်တစ်အစိုးရ သည် ပြည်သူလူထုကို အလုပ်အကျွေးပြုရန်ဖြစ်သည်။ သို့သော် ဒီမိုကရေစီ နိုင်ငံများတွင်ရှိသောပြည်သူများသည် ၎င်းတို့အားအုပ်ချုပ်ရာတွင်ကျင့်သုံး သော စည်းမျဉ်းများ တာဝန်များကို လိုက်နာရမည်ဖြစ်သည်။ ဒီမိုကရေစီ က ပြည်သူပြည်သားများအား အစိုးရနှင့် လွတ်လပ်စွာသဘောကွဲလွဲပိုင်ခွင့်နှင့် ဝေဖန်ပိုင်ခွင့် စသည့် လွတ်လပ်ခွင့်များစွာအတွက် အာမခံ ချက်ပေးထားသည်။

<u>ဒီမိုကရေစီတွင် နိုင်ငံသားများသည် ပြည်သူ့ရေးရာကိစ္စရပ်များ တွင် ပါဝင်ရန်လိုအပ်သကဲ့သို့ အများနှင့်သက်ဆိုင်သောကိစ္စရပ်များတွင် စိတ်ရှည်သည်းခံရမည်။</u>

ဒီမိုကရက်တစ်နိုင်ငံသားများသည် ၎င်းတို့၌ အခွင့်အရေးများရှိ သည်သာမက ထမ်းဆောင်ရမည့်တာဝန်များရှိသည် ဆိုသည်ကိုလည်း အသိ အမှတ်ပြုသည်။ ထို့အပြင် ဒီမိုကရေစီဆိုသည်မှာ အချိန်များစွာရင်းနှီးရပြီး ကြိုးပမ်းအားထုတ်မှု များစွာပြုလုပ်ရသည်ဆိုသည်ကိုလည်း အသိအမှတ်ပြု သည်။ ထို့ကြောင့် ပြည်သူ့အစိုးရအနေဖြင့် ဒီမိုကရေစီကို ကာကွယ်စောင့် ရှောက်ရန်လိုသကဲ့သို့ ထိုသို့လုပ်ဆောင်ကြိုးပမ်းမှုများကို နိုင်ငံသားများ၏ ထောက်ခံပံ့ပိုးမှုကိုရလည်း ရရှိရမည်ဖြစ်သည်။

အချို့သောဒီမိုကရက်တစ်အစိုးရများလက်ထက်၌ နိုင်ငံသားများ ၏ပြည်သူ့ရေးရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်သည်ဆိုသည့်အဓိပ္ပာယ်မှာ နိုင်ငံသားများသည် တရားရုံးများ တွင် ဂျူရီအဖြစ်လည်းကောင်း၊ စစ်တပ်တွင် အချိန်ကာလ အတိုင်းအတာတခုအထိ မဖြစ်မနေတာဝန်ထမ်းဆောင်ရခြင်းကို လည်းကောင်း၊ အရပ်သားဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရခြင်းကိုလည်း ကောင်း ဆိုလိုပေသည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားများလိုက်နာရမည့် တရားဥပဒေ ကိုလေးစားခြင်းဆိုသည့်တာဝန်မှာ အခြေခံကျသည့်အချက်တချက်ဖြစ်ပေ သည်။ ထို့အပြင် မျှတသည့်အခွန်ထမ်းဆောင်ခြင်း၊ ရွေးချယ်ခံအစိုးရ၏ အမိန့် နှင့် အခွင့်အာဏာကို လေးစားလက်ခံခြင်း၊ မိမိနှင့်သဘောထားအမြင်ကွဲပြား ခြားနားသောသူများ၏အခွင့်အရေးကို လေးစားခြင်း စသည်များသည် နိုင်ငံ သားများထမ်းဆောင်ရမည့်တာဝန်များထဲမှ နမူနာအချို့ပင်ဖြစ်သည်။

ဒီမိုကရက်တစ်နိုင်ငံသားများသည် ၎င်းတို့နေထိုင်သော လူ့အဖွဲ့ အစည်းက ၎င်းတို့၏အခွင့်အရေးများကို အကာအကွယ်ပေးသည့် အကျိုး ခံစားမှုများကိုရရှိလိုပါက ၎င်းတို့သည် လူ့အဖွဲ့အစည်းအတွက် တာဝန်ထမ်း ဆောင်ရမည်ဆိုသည်ကိုသိကြသည်။

လွတ်လပ်သောလူ့အဖွဲ့အစည်းများတွင် ပြောဆိုလေ့ ရှိသည့် စကားတခွန်းရှိသည်။ “သင်နှင့်ထိုက်တန်သောအစိုးရကိုသာ သင်တို့ရရှိကြ သည်” ဆိုသည့် စကားပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ တိုးတက် အောင်မြင်ဖြစ်ထွန်းရေးတွင် နိုင်ငံသားများသည် ထထကြွကြွနှင့် ဦးဆောင် ဦးရွက်ပြုရပေမည်၊ ခိုင်းရာစေရာအဖြစ်တွင်နေ၍မရပေ။ အဘယ်ကြောင့် ဆိုသော် အစိုးရတရပ်၏ အောင်မြင်မှု သို့မဟုတ် ကျဆုံးမှုဆိုသည်မှာ ၎င်းတို့ အပေါ်တွင်တာဝန်ရှိသည် အခြားမည်သူ့အပေါ်တွင်မျှ တာဝန်မရှိ ဆိုသည့် အချက်ကို နားလည်သောကြောင့်ဖြစ်သည်။

အပြန်အလှန်အားဖြင့်ဆိုရလျှင် အစိုးရအရာရှိများသည် နိုင်ငံ သားအားလုံးအား တန်းတူညီမျှဆက်ဆံရမည်ဆိုသည်ကို နားလည်ပြီး ဒီမို ကရက်တစ်အစိုးရလက်ထက်တွင် အဂတိလိုက်စားမှုမပြုရဆိုသည်ကို နားလည်ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ ခေါင်း ဆောင်များအပေါ် မကျေနပ်မှု၊ အားမလိုအားမရဖြစ်မှုများရှိပါက အပြောင်း အလဲများပြုလုပ်လာစေရန် လွတ်လပ်စွာစည်းရုံးကာ ငြိမ်းချမ်းစွာဆန္ဒထုတ် ဖော်ပြသပိုင်ခွင့်ရှိသည်၊ သို့မဟုတ် ရွေးကောက်ပွဲတွင် ထိုခေါင်းဆောင်များကို မဲပေးကာဖြုတ်ချပိုင် ခွင့်ရှိသည်။

ဒီမိုကရေစီတောင့်တင်းခိုင်မာရေးဆိုသည်မှာ နိုင်ငံသားများက အခါအားလျော်စွာမဲပေးမှုများပြုလုပ်ခြင်းလုပ်ငန်းထက် များ စွာပိုမိုသော လုပ်ငန်းဆောင်တာများရှိသည်။ အရေးအတွက် များနိုင်သမျှများပြားသော နိုင်ငံသားများက ၎င်းတို့၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အစိုးရက အကာအကွယ်ပေးမှုရှိ မရှိဆိုသည်ကို အချိန်ယူကာ မျက်ခြည်မပြတ် သေသေချာချာ လေ့လာစောင့်ကြည့်ရန်လိုအပ်သည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားများသည် ၎င်းတို့ သဘောကျ သော ပြည်သူ့ကိုယ်စားလှယ်များအတွက် စည်းရုံး လှုံ့ဆော်ဆွဲဆောင်မှုများ နှင့် နိုင်ငံရေးပါတီများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ပိုင်ခွင့်များရှိသည်။ သို့သော် လည်း ၎င်းတို့ပါတီသည် အမြဲတမ်းအာဏာရနေလိမ့်မဟုတ် ဆိုသည့် အချက် ကိုမူ လက်ခံထားကြသည်။

နိုင်ငံသားများသည် အောက်ဖော်ပြပါ အခြေခံအခွင့် အရေးများကို လက်တွေ့ကျင့်သုံးပိုင်ခွင့်ရှိသည်။

– ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးချယ်ခံပိုင်ခွင့်၊
– ပြည်သူ့ဝန်ထမ်းအဖြစ် ခန့်အပ်ခံရကာ တာဝန်ထမ်းဆောင်ခွင့်၊
– လွတ်လပ်သည့်သတင်းမီဒီယာများကို အသုံးပြုကာ ဒေသန္တရရေးရာကိစ္စ များ၊ နိုင်ငံလုံးဆိုင်ရာကိစ္စရပ်များကို လွတ်လပ်စွာ ပြောဆိုဝေဖန်ပိုင်ခွင့်၊
– အလုပ်သမားသမဂ္ဂများ၊ လူမှုအသိုင်းအဝိုင်းအတွင်းရှိ အမျိုးမျိုးသော လူမှုရေးရာအဖွဲ့များ၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ တွင် ပါဝင်လှုပ်ရှားပိုင်ခွင့်၊
– ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရပ်ဆိုင်ရာလေ့လာရေး၊ အားကစား၊ အနုပညာ၊ စာပေ၊ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာကျောင်းသား ရေးရာဖလှယ်ရေး စသည့် ရာပေါင်း များစွာသောအကြောင်းကိစ္စများအပေါ် မူတည်၍ဖွဲ့စည်းထား သည့် သီးခြားအဖွဲ့များတွင် ပါဝင်လှုပ်ရှားပိုင်ခွင့်၊
– ထိုအဖွဲ့အစည်းများသည် အစိုးရနှင့်နီးစပ်သည်ဖြစ်စေ၊ သီးခြား ကင်းလွတ် သည်ဖြစ်စေ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းရေးနှင့် အားကောင်းခိုင်မာရေး အတွက်ဖြစ်စေရမည်။

အပိုင်း ၆

## လွတ်လပ်သောစာနယ်ဇင်း

ဒီမိုကရေစီတွင် စာနယ်ဇင်းသည် အစိုးရ၏ထိန်းချုပ် မှုအောက်မှ လွတ်လပ်စွာ လုပ်ကိုင်လှုပ်ရှားနိုင်ရန်လိုအပ်သည်။ ဒီမိုကရေစီအစိုးရတွင် စာနယ်ဇင်းသမားများ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သတင်းစာများတွင် ဖော်ပြချက်များကို ထိန်းချုပ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနဆိုသည်မှာမရှိပေ။ ထို့အပြင် အစိုးရထိန်းချုပ်သမဂ္ဂများတွင် ပူးပေါင်းပါဝင်ရန် စာနယ်ဇင်း သမားများအား အတင်းအကျပ်ပြုခြင်းများလည်းမရှိပေ။

<u>လွတ်လပ်သောစာနယ်ဇင်းသည် ပြည်သူလူထုအား သတင်း</u>

အချက်အလက်များပေးသည်၊ ခေါင်းဆောင်များ တာဝန် ခံမှုရှိရလာစေရန် လုပ်ဆောင်သည်၊ ဒေသန္တရအရေးနှင့် နိုင်ငံလုံးဆိုင်ရာအရေးကိစ္စများကို ဆွေးနွေးဝေဖန်ရာနေရာအဖြစ် ဆောင်ရွက်ပေးသည်။

ဒီမိုကရေစီသည် လွတ်လပ်သောစာနယ်ဇင်းဖြစ်ထွန်း တည်ရှိရေး ကို ဦးတည်လုပ်ဆောင်သည်။ သီးခြားလွတ်လပ်သောတရားစီရင်မှု၊ လူမှု အပိုင်းအပိုင်းအတွင်း တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့် စသည်တို့သည် လွတ်လပ်သော စာနယ်ဇင်းကို ပံ့ပိုးပေးသောအရာများဖြစ်သည်။ လွတ်လပ်သောစာနယ်ဇင်းကို တရားဥပဒေနှင့်အညီ ကာကွယ်ပေးရမည်။

ဒီမိုကရေစီတွင် အစိုးရသည် ၎င်း၏လုပ်ဆောင်ချက်များအတွက် တာဝန်ခံရသည်။ ထို့ကြောင့် နိုင်ငံသားများသည် ၎င်းတို့၏အကျိုးအတွက် ဆုံးဖြတ်သည့် အစိုးရ၏လုပ်ဆောင်ချက်ကိုသိရှိရန် မျှော်လင့်ကြသည်။ လွတ်လပ်သောစာနယ်ဇင်းက နိုင်ငံသားများအတွက် သိရှိပိုင်ခွင့် ဆိုသည် အတွက် ဆောင်ရွက်ပေးသည်။ ထိုအတွက် အစိုးရ၏လုပ်ဆောင်ချက်များကို စောင့်ကြပ်ကြည့်ရှုလေ့လာသည်၊ အစိုးရက သူ၏လုပ်ဆောင်ချက်များ အတွက် တာဝန်ခံလာစေရန် အစိုးရပေါ်လစီများကို မေးခွန်း ထုတ်ခြင်းအားဖြင့် ပြည်သူလူထုအား ကူညီပံ့ပိုးမှုများပေးသည်။

ဒီမိုကရက်တစ်အစိုးရများက စာနယ်ဇင်းသမားများအား အများပြည်သူဆိုင်ရာဆွေးနွေးပွဲများ၊ အများပြည်သူဆိုင်ရာအထောက်အထားများ ကို ရယူကြည့်ရှုပိုင်ခွင့်များကိုပေးသည်။ ထို့အပြင် စာနယ်ဇင်းသမားများ၏ ပြောဆိုကြေညာမှုနှင့် ထုတ်ပြန်မှုများမပြုမီ ကန့်သတ်မှုများပြုလုပ်ခြင်းလည်း မရှိပေ။

စာနယ်ဇင်းကိုယ်တိုင်ကလည်း မိမိလုပ်ဆောင်ချက်များအတွက် တာဝန်ယူရသည်။ မိမိအပေါ် အများပြည်သူထဲမှကန့်ကွက်ချက်များကို လေ့လာစစ်ဆေးမှုများပြုသည့် ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်းများ၊ သီးခြားလွတ်လပ်သောစာနယ်ဇင်းဆိုင်ရာကောင်စီများ၊ အစိုးရခန့်အပ်စုံစမ်းစစ်ဆေးရေးကော်မတီများ၏ စစ်ဆေးမေးမြန်းမှုများကို ခံယူရသည်။ စာနယ်ဇင်းက လည်း ကန့်ကွက်မှုများအတွက် တုံ့ပြန်ရှင်းလင်းချက်များပြုကာ တာဝန်ခံရ သည်။

ဒီမိုကရေစီတွင် ပြည်သူများအနေဖြင့် ရွေးချယ်ပိုင်ခွင့် နှင့် ဆုံးဖြတ်ပိုင်ခွင့်များကိုပြုလုပ်စေသည်။ ပြည်သူလူထုက စာနယ်ဇင်းအားယုံကြည်မှု ရှိစေရန် စာနယ်ဇင်းသမားများသည် ခိုင်မာသည့်သတင်းအရင်းအမြစ်များ သတင်းအချက်အလက်များအပေါ်အခြေခံ၍ တိကျခိုင်မာသည့်သတင်း အစီရင်ခံချက်များကို ရေးသားအစီရင်ခံရလေသည်။

အခြားသူများ၏ပြောဆိုသုံးစွဲမှုများကို မိမိကိုယ်ပိုင် ပြောဆိုသုံးစွဲမှု ပုံစံမျိုးလုပ်ဆောင်ခြင်းနှင့် မမှန်မကန်သတင်းပေးပို့ခြင်းများသည် လွတ်လပ်သောစာနယ်ဇင်းတည်ရှိဖြစ်ထွန်းရေးအတွက် မလိုလားအပ်သောတန်ပြန် အကျိုးသက်ရောက်မှုများ ဖြစ်စေသည်။

စာနယ်ဇင်းများသည် မိမိတို့ကိုယ်ပိုင်အယ်ဒီတာအဖွဲ့များကို ထူထောင်ထားသင့်သည်၊ အစိုးရ၏ထိန်းချုပ်မှုများမှကင်းလွတ်သင့်သည်၊ သတင်းအချက်အလက်ရယူစုဆောင်းခြင်းနှင့် သတင်းအချက်အလက် တည်းဖြတ်စီစဉ်ခြင်းလုပ်ငန်းများကို သီးခြားခွဲထုတ်ထားရန်လိုအပ်သည်။

စာနယ်ဇင်းသမားများသည် ပြည်သူလူထု၏သဘော ထားအမြင် များမှ သွေဖယ်၍မဖြစ်ပေ။ အဖြစ်အမှန်သတင်းမှန်ကို လိုက်ရန်သာမက အဖြစ်အပျက်အမှန်နှင့် နီးနိုင်သမျှနီးနီးကပ်ကပ်ရောက်ရှိစေရေးအတွက် ကြိုးပမ်းအားထုတ်ရမည်။

ဒီမိုကရေစီက စာနယ်ဇင်းလောကအား ၎င်း၏လုပ်ငန်း တာဝန်ဖြစ် သော သတင်းရယူစုဆောင်းခြင်းနှင့်အစီရင်ခံခြင်းကို အစိုးရအားကြောက်ရွံ့ ခြင်းနှင့် မျက်နှာသာပေးခြင်းလုံးဝမရှိပဲ လုပ်ဆောင်ရသည်။

ဒီမိုကရေစီသည် ဘယ်သောအခါမှ ပြီးဆုံးခြင်းမရှိသော တာဝန် နှစ်ခုအတွက် ဦးတည်ဆောင်ရွက်ပေသည်။ ပထမတခု မှာ အစိုးရအနေဖြင့် နိုင်ငံလုံခြုံရေးကို ကာကွယ်ပေးရမည်ဆိုသည့်တာဝန်ဖြစ်သည်၊ ဒုတိယတခုမှာ ပြည်သူလူထုအားသိရှိပိုင်ခွင့်အခွင့်အရေးကို ကာကွယ်ပေးရမည်ဆိုသည့် တာဝန်ဖြစ်သည်။ ထိုသိရှိပိုင်ခွင့်အတွက် စာနယ်ဇင်းသမားများမှတဆင့် ပြည်သူလူထုက ရယူသိရှိနိုင်ရမည်ဖြစ်သည်။

တခါတရံတွင် အစိုးရများသည် အတိမ်းအစောင်း လုံးဝမခံသော သတင်းအချက်အလက်များကိုမူ ကန့်သတ်မှုများ ပြုလုပ်လေ့ရှိသည်။ သို့သော်လည်း ဒီမိုကရေစီနိုင်ငံများတွင် စာနယ်ဇင်းသမားများသည် ထိုကဲ့သို့သော သတင်းအချက်အလက်များနှင့်ပတ်သက်၍ စုံစမ်းရယူရာတွင် ကောင်းစွာဝေဖန်ပိုင်းခြားနိုင်သည့် အရည်အသွေးရှိရမည်ဖြစ်သည်။

---

## ဒေါ်စုအယူခံကို ဗိုလ်ချုပ်သန်းရွှေကို အသိပေးမည်

**DVB၊ ဧပြီလ ၂၆။** ။ နေအိမ်အကျုပ်ချုပ်ကျခံနေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အတွက် အယူခံကို အစိုးရအဆင့်က ကြားနာပေးခြင်းမရှိတဲ့အတွက် နအဖ အမြင့်ဆုံးအာဏာပိုင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လာမယ့်တနင်္လာနေ့မှာ တိုက်ရိုက်တင်ပြတော့မယ်လို့ ရှေ့နေဦးကြည်ဝင်းက ပြောကြားလိုက်ပါတယ်။

၆ နှစ်နီးပါး နေအိမ်အကျယ်ချုပ်ချခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည် အမှုအယူခံကို အစိုးရအဆင့်က ကြားနာပေးဖို့ ရှေ့နေဦးကြည်ဝင်းက ပြီးခဲ့တဲ့နှစ် အောက်တိုဘာ ၉ ရက် ကတည်းက နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန် ထံတင်ထားတာပါ။ ဒါပေမယ့် ၆ လကျော်အထိ ဘာမှ ဆောင်ရွက်ပေးခြင်း မရှိတဲ့အတွက် ခုလို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တင်ပြရမှာဖြစ်တယ်လို့ ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။

“အစိုးရအဖွဲ့ကို အယူခံကိုကြားနာပေးဖို့ ၆ လကျော်သွားတာကို ဘာမှဖြစ်မလာတော့ အစိုးရအဖွဲ့က လုပ်မပေးတဲ့သဘော ဖြစ်နေတယ်။ အဲဒီအထက် အဖွဲ့အစည်းကို ကျနော်တို့တင်မယ်။ အဲဒီအထက်အဖွဲ့အစည်း နအဖရဲ့ဥက္ကဋ္ဌပေါ့။” ဒေါ်အောင်ဆန်းစုကြည်က မိမိကို အပ်နှင်းထားတဲ့ ရှေ့နေပါဝါအရ အခုလို နအဖ အမြင့်ဆုံးအာဏာပိုင်အထိ စာတင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်သလို ဥပဒေအတွက် အရေးကြီးတဲ့ အချက် ၂ ချက် အစွန်းအထင်း မကျန်ရစ်စေချင်တာကြောင့် တင်ရမှာဖြစ်တယ်လို့လည်း ဦးကြည်ဝင်းက ပြောပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ကို အခုတားဆီးထားတဲ့အမိန့်က ၂၇ ရက် ၅ လ ၂၀၀၉ ဆိုရင် ကုန်ဆုံးပြီ။ ရက်ပေါင်း ၃၀ ပဲကျန်တယ်။ ရက်ပေါင်း ၃၀ ပဲကျန်တော့တာပဲ နေပါစေဆိုပြီးတော့ နေရင်လည်း ပြီးသွားမှာပေ့ါ။ ၁ အချက်က အစိုးရအတွက်ပါ။ “၂ အချက်ကလည်း ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အယူခံသော်လည်း အဲဒီအယူခံကို အစိုးရက လုံးဝမကိုင်တဲ့အတွက် ပုဒ်မ ၁၉ အရ အယူခံခွင့်ပေးထားတဲ့ အခွင့်အပဟောသိကမှ ဖြစ်သွားမှာဒါပဲ။ ဒါကြောင့် မို့လို့ကျနော်တို့က ကျနော်နဲ့ကျနော့်ရဲ့တွဲဖက် လုပ်ဖော်ကိုင်ဖက်ဦးလှမျိုးမြင့်နဲ့ တိုင်ပင်ပြီးတော့ လုပ်တာ။”

၂၀၀၃ မေ ဒီပဲယင်းလုပ်ကြံခံရပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်ကို အာဏာပိုင်တွေက ထိန်းသိမ်းထားခဲ့တာပါ။ နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခြင်း ဥပဒေအရ ထိန်းသိမ်းခွင့် ၅ နှစ် ထက်ကျော်လွန်ကာ ၆ နှစ်အထိ သက်တမ်း တိုးမြှင့်ပြီး ထိန်းသိမ်းထားတဲ့အမှုကို အစိုးရအဖွဲ့ကနေ ကြားနာစစ်ဆေးပေးဖို့ နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်ကို ၃ ကြိမ်အထိ စာတင်ခဲ့ပြီးဖြစ်ပါတယ်။ အခုအထိ အစိုးရအဖွဲ့က ဘယ်လိုမှ အရေးယူမဆောင်ရွက်ပေမယ့် လာမဲ့ မေ ၂၇ ရက်ဆို အကျုပ်ချုပ်သက်တမ်း ၆ နှစ်ပြည့်မယ့် ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေအရ မလွှဲမသွေလွှတ်ပေးရမှာဖြစ်တယ်လို့ ရှေ့နေဦးကြည်ဝင်းက ပြောပါတယ်။

# ဝက်တုပ်ကွေး ကြိုတင်ကာကွယ်ရေး နအဖစစ်အုပ်စုမီဒီယာမှ သတိပေးကြေညာ

**DVB၊ ဧပြီလ ၂၈။** ။ ကုလသမဂ္ဂလက်အောက်ခံ ဌာနေအဖွဲ့အစည်းတွေရဲ့ နှိုးဆော်မှုကြောင့် နအဖစစ်အုပ်စုဟာ ဝက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြေညာချက်တွေကို အစိုးရပိုင် မီဒီယာတွေကနေ သိသိသာသာကြေညာနေပါတယ်။

မြောက်အမေရိကတိုက်မှာ လူတွေရာဂဏန်းကျော်သေဆုံးနေပြီဖြစ်တဲ့ ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် နအဖစစ်အုပ်စုပိုင် သတင်းစာတွေကနေ လူထုကို ပညာပေးနေပေမယ့် နိုင်ငံရဲ့ဝင်ပေါက်တွေဖြစ်တဲ့ နယ်စပ်တွေမှာ အဲဒီရောဂါအတွက် ကာကွယ်ရေးလုပ်တာ မတွေ့ရသေးပါဘူး။ အိန္ဒိယအပါအဝင် နိုင်ငံတကာမှာ နယ်စပ်တွေမှာ လူဝင်တာတွေကို စစ်ဆေးဖို့ အဆင့်သင့် ပြင်ဆင်နေကြပါတယ်။ နိုင်ငံတကာလေဆိပ်တွေမှာလည်း မြောက်အမေရိကနဲ့ ဥရောပကလာတဲ့ ခရီးသည်တွေကို သီးသန့်ခွဲပြီး ရောဂါစစ်ဆေးမှုတွေ လုပ်ဆောင်နေပါပြီ။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှာတော့ အရေးပေါ်ဖုန်းဆက်ရန်လို့ ဆိုထားတဲ့ ၀၆၂၈၁၁ နံပါတ်ကို မကြာခဏဆက်ပေမယ့် ကိုင်မယ့်သူ မရှိသလို မင်္ဂလာဒုံလေဆိပ်မှာပဲ ကျန်းမာရေးဆိုင်ရာဌာန ဖုန်းနံပါတ် ၀၆၄၃၀၆ လိုင်းခွဲ ၂၀၀ ကို ဖုန်းဆက်လို့လည်း မရပါဘူး။

ဒါ့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (အက်ဖ်အေအို) ရဲ့ ဌာနေတာဝန်ခံမစ္စတာရှင်အိမေးလ်ထံ ဖုန်းဆက်ပြီး မြန်မာနိုင်ငံမှာကော ဝက်တုပ်ကွေးနဲ့ပတ်သက်ပြီးမေးမြန်းကြည့်ရာ...

"မြန်မာနိုင်ငံအခြေအနေကိုတော့ ကျနော်တို့နဲ့ မြန်မာမွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးတွဲစစ်ဆေးနေပါတယ်။ မနေ့ကအထိ ဒီမှာ ဝက်တုပ်ကွေးလက္ခဏာတွေ မတွေ့ရသေးပါဘူး။ ဒီမှာတော့ မဖြစ်သေးပါဘူး"။

မွေးမြူရေးနဲ့ ကုသရေးဌာနကို မေးမြန်းကြည့်ရာမှာ ဒီကိစ္စတွေအတွက် ဒေါက်တာသန်းလှမှ တာဝန်ယူထားပြီး ဒေါက်တာသန်းလှမှာ ပြည်ပခရီးထွက်နေတယ်လို့ ဒု–ဦးစီးမှူး ဒေါက်တာမိုးထွန်းက ပြောပါတယ်။ ဒေါက်တာသန်းလှ မရှိတဲ့အတွက် လောလောဆယ် ဘာပြင်ဆင်မှုမှ မရှိဘူးလားလို့မေးရာမှာ "ဒီလိုပြောလို့မရပါဘူးခင်ဗျာ၊ ဒါပါပဲနော်" လို့ပြောပြီး ဒေါက်တာမိုးထွန်းက ဖုန်းချသွားပါတယ်။

နေပြည်တော်နဲ့ ရန်ကုန်မှာရှိတဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေကိုဆက်သွယ် မေးမြန်းရာမှာလည်း တာဝန်ရှိသူတွေနဲ့ တိုက်ရိုက်ဖုန်းရပေမယ့် ဖြေကြားဖို့ ငြင်းဆန်ပါတယ်။ ၂၀၀၃ မှာ ကြက်တုပ်ကွေးရောဂါ ဟောင်ကောင်က စတင်ပြီး ကမ္ဘာတလွှား ဖြစ်ပွားစဉ်ကလည်း နအဖစစ်အုပ်စုဘက်က သတင်းပွင့်လင်းမှု မရှိခဲ့ပါဘူး။ နောက်ပိုင်းမှာ ပွင့်လင်းမှုရှိလာတဲ့အတွက် နိုင်ငံတကာအကူအညီတွေရလာခဲ့သလို နိုင်ငံတကာနဲ့ပူးပေါင်းမှုကြောင့် အချိန်မီရောဂါကင်းရှင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခု ဝက်တုပ်ကွေးရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာနဲ့ ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

# ကသည်းသူပုန်များ ခွင့်မပြုဘဲ ဝင်နေ

**DVB၊ ဧပြီလ ၂၆။** ။ ချင်းပြည်နယ်မြောက်ပိုင်း တွန်းဇံမြို့နယ်က ကျေးရွာတွေမှာ မဏိပူကသည်း လက်နက်ကိုင်သူပုန်တွေ ရွာတွေထဲဝင်ရောက်ပြီး နေအိမ်တွေမှာ အခမဲ့နေထိုင်ကြတဲ့အတွက် ကျေးရွာသားတွေ ထွက်ပြေးကုန်ကြောင်း သိရပါတယ်။

ဒီလ ၁၃ ရက်နေ့က တွန်းဇံမြို့နယ် ကျီခါးမြို့နယ်ခွဲအပိုင် ဟိုင်ကျင်းကျေးရွာကို နအဖစစ်အုပ်စုက လက်ခံထားတဲ့ မဏိပူကသည်းလက်နက်ကိုင်တွေ ဝင်ရောက်လာပြီး နေအိမ်တွေမှာ နေထိုင်တဲ့အကြောင်း ဇိုမီးချင်းလူ့အခွင့်အရေး ဖောင်ဒေးရှင်းတာဝန်ခံ မင်းထန်ငါက ပြောပါတယ်။

"ရွာသူရွာသားတွေရဲ့ ခွင့်ပြုချက်မရဘဲ အိမ်မှာနေပြီး လက်နက်ကျည်ဆံတွေနဲ့နေတော့ ရွာသူရွာသားတွေက ကြောက်လန့်ပြီးတော့ တချို့တောင်ယာတွေမှာ ပုန်းပြီး ဒုက္ခရောက်နေကြတယ်။"

အဲဒီ ဇိုမီးချင်း ရွာသူရွာသားတွေ ကြောက်လန့်ရတာကတော့ ကသည်းသူပုန်တွေဟာ အိန္ဒိယကနေ ပြည်နယ်ခွဲထွက်ရေးတိုက်ပွဲဝင်နေတဲ့အတွက် အနီးရှိ အိန္ဒိယနယ်ခြားစောင့်တပ်က အဝေးကနေ ပစ်ခတ်တိုက်ခိုက်မှာကို စိုးရိမ်တဲ့အတွက်ကြောင့်လို့သိရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ဒုတိယအပတ်ကလည်း ကသည်းသူပုန်တွေနဲ့ နအဖစစ်အုပ်စုကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့ ဇိုမီးချင်းတော်လှန်ရေးတပ်မတော်တို့ ဟိုင်ကျင်းကျေးရွာအနီးမှာ တိုက်ပွဲဖြစ်ပွားခဲ့တဲ့အတွက် ရွာသူရွာသားတွေ ထွက်ပြေးခဲ့ကြရတယ်လို့ သိရပါတယ်။ မဏိပူကသည်းလက်နက်ကိုင် သူပုန်တွေကို နအဖစစ်အုပ်စုက လက်ခံထားတယ်လို့ ဒေသခံတွေက ယုံကြည်နေကြပါတယ်။ တခါတရံမှာ နအဖတပ်ဖွဲ့တွေနဲ့ ပူးတွဲပြီး နယ်ခြားတလျှောက်မှာ ကင်းလှည့်တာတွေတောင်ရှိတယ်လို့လည်း ဒေသခံတွေဆီက တဆင့်စုံစမ်းသိရပါတယ်။

# လူကုန်ကူးမှု မလေး စုံစမ်းစစ်ဆေးမည်

**DVB၊ ဧပြီလ ၂၆။** ။ ထောင်နဲ့ချီတဲ့ မြန်မာနိုင်ငံသားတွေ မလေးရှားနိုင်ငံမှာ လူကုန်ကူးခံနေရတယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး မလေးရှားအစိုးရအနေနဲ့ ဒီကိစ္စကို စုံစမ်းဖော်ထုတ်ပေးမယ်လို့ မလေးရှား ဝန်ကြီးချုပ် နာဂျစ်ရာဇာက ပြီးခဲ့တဲ့ သောကြာနေ့က ကတိပြုပြောကြားလိုက်ကြောင်း ကွာလာ လမ်ပူကလာတဲ့ ဒီနေ့ အေပီသတင်းမှာ ပါရှိပါတယ်။

မလေးရှားနိုင်ငံမှာ တရားမဝင်အလုပ်လာလုပ်တဲ့ မြန်မာနိုင်ငံသားတွေကို မလေးရှားရဲတွေက ဖမ်းဆီးပြီး ပြန်လွှတ်ပေးဖို့ ငွေမပေးနိုင်သူတွေကို ထိုင်းနိုင်ငံပြည့်တန်ဆာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနဲ့ စားသောက်ဆိုင်တွေမှာ ရောင်းစားခဲ့တယ်လို့ အမေရိကန် အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက အစီအရင်ခံစာထုတ်ပြန်လိုက်ပြီးနောက် မလေးရှားဝန်ကြီးချုပ်က အခုလိုကတိပြုပြောဆိုလိုက်တာပါ။ မလေးရှား ဝန်ကြီးချုပ် မစ္စတာနာဂျစ်ရာဇာက သူ့အနေနဲ့ မလေးရှားနိုင်ငံကို လူကုန်ကူးဖို့ အသုံးချတဲ့နေရာတခုမဖြစ်ချင်တဲ့အတွက် အပြစ်ကျူးလွန်သူတွေကို အရေးယူဆောင်ရွက်ရမှာဆိုပေမယ့် အရေးယူဖို့ အမေရိကန်အစိုးရရဲ့ အစီအရင်ခံစာကနေ ပိုပြီးပြည့်စုံတဲ့ အချက်အလက်တွေ ရဖို့လိုအပ်ပါတယ်လို့ သတင်းထောက်တွေကို ပြောဆိုခဲ့ပါတယ်။

ဒီအစီအရင်ခံစာကို အမေရိကန် နိုင်ငံတကာဆက်ဆံရေးကော်မတီက ရောင်းစားခံရတဲ့ မြန်မာအလုပ်သမားတွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူအဖွဲ့အစည်းတွေ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး မြန်မာအာဏာပိုင်တွေနဲ့ တနှစ်ကြာ အသေးစိတ်မေးမြန်းခဲ့ပြီးမှ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတွေ တရားမဝင်အလုပ်သမားတွေအဖြစ် နယ်စပ်တွေကို ထွက်လာကြရတဲ့အကြောင်းတခုက စစ်အစိုးရရဲ့ဖိနှိပ်မှုတွေကြောင့် ဖြစ်တယ်လို့လည်း အစီအရင်ခံစာထဲမှာ ထောက်ပြထားပါတယ်။

ဒါ့အပြင် မလေးရှားအာဏာပိုင်တွေဟာ ကုလသမဂ္ဂ ဒုက္ခသည်တွေကို ဖမ်းဆီးပြီး နယ်နှင်ဒဏ်ပေးမှုတွေလည်းရှိခဲ့ပါတယ်၊ မလေးရှားနိုင်ငံမှာရှိတဲ့ ကုလသမဂ္ဂမဟာမင်းကြီးရုံးမှာ ဒုက္ခသည်အဖြစ်မှတ်ပုံတင်ထားသူ ၄ သောင်း ၈ ထောင်နီးပါးမှာ မြန်မာနိုင်ငံက ၄ သောင်း ၂ ထောင်ကျော်ရှိပါတယ်။ နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကလည်း အမေရိကန်အစိုးရရဲ့ အဲဒီအစီရင်ခံစာအပေါ် မလေးရှားအစိုးရအနေနဲ့ အလေးနက်ထားပြီး မြန်မာဒုက္ခသည်တွေနဲ့ လူကုန်ကူးခံရသူတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့ အရေးယူဆောင်ရွက်ပေးသင့်တယ်လို့ ပြောဆိုခဲ့ကြောင်း ဒီကနေ့ အေပီသတင်းမှာ ပါရှိပါတယ်။




# သတင်းပြက္ခဒိန်

**ဧပြီ ၂၁၊ Irrawaddy ။ ။** နအဖစစ်အုပ်စုသည် မြန်မာမဟုတ်သော တိုင်းရင်းသားများအား ပျောက်ပျက်ရန်လုပ်နေကြောင်း ရခိုင်၊ မွန်နှင့် ပအိုဝ့်အဖွဲ့များ၏ ပူးပေါင်းထုတ်ပြန်ချက်မှဆို၏။

**ဧပြီ ၂၃၊ NYT ။ ။** အမေရိကန်မှတင်ပြသည့် မလေးရှားသည် ထိုနိုင်ငံရောက် မြန်မာများကို အရောင်းအဝယ်သဘောလုပ်နေမှုပြဿနာကို စုံစမ်းမည်ဟု မလေးရှားဝန်ကြီးချုပ်မှ ကတိပြု၏။

**ဧပြီ ၂၃၊ Daily Star , DACCA ။ ။** မြန်မာနှင့် ရထားဆက်သွယ်မှုရရန် ဘင်္ဂလားဒေ့ရှ်သည် တရုတ်၏ငွေနှင့် ကျွမ်းကျင်မှုအကူအညီကို တောင်းခံနေ၏။

**ဧပြီ ၂၃၊ Asiaone ။ ။** နအဖသည် နေပြည်တော်အတွက် လေယာဉ်ကွင်းသစ်ဆောက်နေကြောင်း။

**ဧပြီ ၂၄၊ DVB ။ ။** ညောင်လေးပင်အပါအဝင် နယ်မြို့အချို့တွင် ဝမ်းလျှောရောဂါဖြစ်နေကြောင်း။

**ဧပြီ ၂၇၊ DVB ။ ။** နံနက်ပိုင်းက အဲန်အဲလ်ဒီအစည်းအဝေးအကြိုဆွေးနွေးပွဲကျင်းပ၏။ နယ်ကိုယ်စားလှယ် ၁၀၀ ဦးခန့်ရောက်နေကြောင်း။

**ဧပြီ ၂၇၊ Mizzima ။ ။** အဲန်အဲလ်ဒီ၏ အကြိုညီလာခံကို နအဖသည် အသေးစိတ်စောင့်ကြည့်နေကြောင်း။

**ဧပြီ ၂၇၊ TNA/DVB ။ ။** ထိုင်း–မြန်မာနယ်စပ်တွင် ဒီကေဘီအေနှင့်နအဖတပ်တို့၏ ပစ်ခတ်မှုကြောင့် ထိုင်းစစ်သား ၂ ဦးနှင့် ရွာသားတဦး ဒဏ်ရာရပြီး ရွာသား ၇၀၀ ခန့်လုံခြုံရာသို့ရွှေ့ခဲ့ကြောင်း။

**ဧပြီ ၂၇၊ DVB ။ ။** ပဲခူးမှ အစိုးရအထည်စက်ရုံလုပ်သား ၁၀ ဦးအား နိုင်ငံခြားသတင်းဌာနနှင့်လုပ်ငန်းခွင်တွင်း မတရားဆက်ဆံမှုပြဿနာများပြောဆိုမှုကြောင့် အလုပ်မှယခင်အပတ်က ပြုတ်သွားကြောင်း။

**ဧပြီ ၂၇၊ Vatican Radio ။ ။** ၂၀၁၀ ရောက်ကောက်ပွဲအတွက် လိုအပ်သောဒီမိုကရေစီကျသည့် ပြင်ဆင်မှုများပြုလုပ်ရန် အီးယူမှ နအဖအားတိုက်တွန်းခဲ့၏။

**ဧပြီ ၂၈၊ AP ။ ။** ဇာဂနာသည် ထောင်တွင်း လွန်ခဲ့သော ၁၀ ရက်ခန့်က သွေးတိုးကြောင့် မေ့လဲခဲ့ကြောင်း ထောင်ဝင်စာတွေ့သူ မိသားစုဝင်မှဆို၏။

**ဧပြီ ၂၈၊ Irrawaddy ။ ။** အဲန်အဲလ်ဒီသည် ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ် အထွေထွေညီလာခံ ယနေ့ကျင်းပခဲ့၏။

**ဧပြီ ၂၉၊ DVB ။ ။** အင်းစိန်ထောင်တွင်းရှိစဉ် ကျန်းမာရေးစောင့်ရှောက်မှုမရသည့်အပြင် လမ်းလျှောက်ခွင့်လည်းအပြည့်အဝမရကြောင်း ယမန်နေ့က နိုင်ငံရေးအကျဉ်းမှပြန်လွတ်လာသူ လူငယ်ရှေ့နေဦးညီညီထွေးမှဆို၏။

**ဧပြီ ၂၉၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသသားများလွတ်ပေးရေး တကိုယ်တော်ဆန္ဒပြခဲ့သူ ကျူရှင်ဆရာ ဦးအောင်ဖေအား တွံတေးတရားရုံးမှ ခြေချုပ်ဖောက်ဖျက်မှုဖြင့် ယနေ့ထောင်ဒဏ်တနှစ်ချမှတ်လိုက်၏။

**ဧပြီ ၂၉၊ DVB ။ ။** ကေအင်ယူ၏ ဝေါ်လေခီးတပ်စခန်းနေရာအချို့ကို ဒီကေဘီအေနှင့် နအဖတပ်တို့မှ သိမ်းပိုက်ခဲ့၏။

**ဧပြီ ၂၉၊ Mizzima ။ ။** နအဖသည် ယနေ့သူပုန်အဖွဲ့ ၆ ဖွဲ့ KIO, NDA-K-UWSP, SSA-N, MNDAA, နှင့် NDAA, တို့နှင့် တရုတ်နယ်စပ်ရှလီတွင် ယမန်နေ့က အပစ်အခတ်ရပ်စဲရေးဆွေးနွေးခဲ့၏။

**ဧပြီ ၂၉၊ DVB ။ ။** အဲန်အဲလ်ဒီအဖွဲ့ချုပ်ရုံးတွင် ကျင်းပသည့် တိုင်းနှင့်ပြည်နယ် စုံညီအစည်းအဝေးကို ချင်းပြည်နယ်အဲန်အဲလ်ဒီအနေဖြင့် မတက်ရောက်နိုင်သော်လည်း ဆုံးဖြတ်ချက်အားလုံးကို ထောက်ခံကြောင်း ကြေညာ၏။

**ဧပြီ ၂၉၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားများလွတ်ရေးဆုတောင်းပွဲလုပ်သည့် တွံ့တေးမြို့နယ် ဇီးဖြူကုန်းကျေးရွာသမိုင်းဝင်စေတီတွင် နအဖအာဏာပိုင်များနှင့်သတင်းပေးများမှ သာသနာ့အလံနှင့် အောင်သပြေပန်းများကို သိမ်းဆည်းခဲ့ကြောင်း။

**ဧပြီ ၂၉၊ DVB ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်ပေးခြင်း အပါအဝင် အဲန်အဲလ်ဒီ၏တောင်းဆိုချက်များကို လိုက်လျောလျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ယှဉ်ပြိုင်ရန် အထူးစဉ်းစားမည်ဟု အဲန်အဲလ်ဒီ ၂၉ ဧပြီ ၂၀၀၉ ကြေညာချက်မှဆို၏။

**ဧပြီ ၃၀၊ Irrawaddy ။ ။** နာဂစ်မုန်တိုင်း တနှစ်ပြည့်ခါနီးသော်လည်း ဒေသခံတော်တော်များများ နေအိမ်၊ လယ်လုပ်ရန်ငွေနှင့်ကရိယာအရင်းအနှီးပင်မရှိသေးကြောင်း၊ ဂျွန်မတိုင်မီ အရေးပေါ်အပြည့်ပြည့်ဆိုင်ရာအကူအညီလိုကြောင်း ဗြိတိန်မှ စေတနာ့ဝန်ထမ်းအဖွဲ့ Oxfam မှဆို၏။

**ဧပြီ ၃၀၊ Irrawaddy ။ ။** မြန်မာအပေါ်ထားရှိသော ကန့်သတ်ပိတ်ပင်မှုများကို ရုတ်သိမ်းရန် အမေရိကန်မှ မစဉ်းစားသေးကြောင်း အေအက်ဖ်ပီသတင်းမှဆို၏။

**ဧပြီ ၃၀၊ Irrawaddy ။ ။** မြန်မာသည် အင်တာနက်လွတ်လပ်မှု ချိုးဖေါက်မှုတွင် အဆိုးဆုံးနိုင်ငံဖြစ်ကြောင်း သတင်းထောက်များ ကာကွယ်ရေးအဖွဲ့ CPJ မှ ဆို၏။

**ဧပြီ၃၀၊ Boston Gobe အယ်ဒီတာအာဘော် ။ ။** သမတအိုဘားမားသည် မိမိ၏ နိုင်ငံများစွာ၏လက်ခံမှုကို အခြေပြု၍ မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများလွတ်ရေးအတွက် ခိုင်မာသော နိုင်ငံတကာလှုပ်ရှားတောင်းဆိုမှုပြုသင့်၏။

**ဧပြီ ၃၀၊ DVB ။ ။** ၁၉၉၆ မြန်မာအား အာဆီယံဝင်ခွင့်မပြုရန် မိမိ၏အဆိုပြုချက်ကို ထိုင်းအစိုးရမှ လျစ်လျူရှုရုံမက ပယ်ချခဲ့ကြောင်း မြန်မာဆိုင်ရာ ထိုင်းသံအမတ်ဟောင်း Polksak Nilubol မှ မိမိတွဲဖက်ရေးသားသော မြန်မာအား နားလည်ခြင်း Understanding Burma စာအုပ်တွင် ဆို၏။

**ဧပြီ ၃၀၊ DVB ။ ။** အဲန်အဲလ်ဒီ ဥက္ကဋ္ဌဦးအောင်ရွှေ နှင့်အတွင်းရေးမှူးဦးလွင် နေရာတွင် လူသစ်ရွေးချယ်ပြောင်းလဲခန့်ရန် ပြီးခဲ့သည့်စုံညီအစည်းဝေးတွင် တင်ပြမှုရှိခဲ့၏။

**မေ ၁၊ DVB ။ ။** မတရားအသင်းအက်ဥပဒေ(Unlawful Association Act)ကို ဖျက်သိမ်းပေးရန်တောင်းဆိုခဲ့သော ထိုင်းအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC အား နအဖမှ မတရားအသင်းကြေညာကြောင်း မြန်မာ့အလင်းမှဆိုကြောင်း။

**မေ ၁၊ Nation, BKK ။ ။** ဥရောပသမဂ္ဂသည် မြန်မာအပေါ် ကန့်သတ်ပိတ်ဆို့မှုပြုထားသော်လည်းလာမည့် ဟန္ဒိုင်းဆွေးနွေးပွဲအကြိုအဖြစ် နအဖနှင့် intelligent engagement ထက်မြက်သောဆက်ဆံမှုနည်းဖြင့် ဆယ်သွယ်နေ၏။

**စာမျက်နှာ ၁၃ သို့**

# တံတွေးမြို့တွင် ဝက်များသေဆုံး၊ စားသုံးသူများ ဝက်တုပ်ကွေးရောဂါဖြစ်

**DVB၊ ဧပြီ ၂၆။** ။ ရန်ကုန်တိုင်း တွံ့တေးမြို့နယ်မှာ ပြီးခဲ့တဲ့အပတ်က ဝက်မွေးမြူရေးခြံတွေက ဝက်အတော်များများ ရုတ်တရက်သေဆုံးမှုတွေ ဖြစ်ပွားခဲ့ပြီး ဝက်သားစားမိသူ ဒေသခံအတော် များများလည်း ဝမ်းလျှော၊ အော့အန်၊ ဖျားနာမှုတွေ အခုရက်ပိုင်းအတွင်း ခံစားနေကြရတယ်လို့ ဒေသခံတွေက ပြောပြကြပါတယ်။

ဈေးပိုင်း၊ ကန်သာယာ၊ အိုးဖိုနဲ့ ကွမ်းခြံဘက်က ဒေသခံတချို့မှာ အဓိက ဖြစ်ပွားနေတာလို့ ဒေသခံတွေက ပြောပါတယ်။ အဲ့ဒီဝမ်းလျှောအော့အန်နေသူတွေဟာ ဝက်သားစားပြီး ညတွင်းချင်းမှာ ဝမ်းသွားကုန်ကြတာလို့ သိရပါတယ်။ ဒီလိုဝမ်းလျှောစေတတ်တဲ့ ဝက်တွေ သေဆုံးပုံ၊ ဈေးကွက်ထဲ ရောင်းချပုံတွေကို ကိုယ်တိုင် တွေ့မြင်ခဲ့တဲ့ ဒေသခံတဦးက ပြောပါတယ်။

“တွံ့တေးမြို့ပေါ်မှာရှိတဲ့ ၈ ရပ်ကွက်ရှိတဲ့ ကျေးရွာပေါင်းက ၂၁၃ ရွာ အခုဝက်မွေးမြူရေးသမားတွေက သူတို့ဝက်ခြံမှာ ဝက်ကောင်ရေ အကောင် ၂၀ ကနေ ၅၀ ကြားမှာမွေးကြတယ်။ ပူပြင်းတဲ့ ရာသီဥတုမှာ ဝက်တွေ ရေနိုင်နိုင် မချိုးနိုင်တော့ ဝက်တွေက အမြှုပ်ထွက်၊ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး ၂ နာရီအတွင်း သေကုန်တယ်။ ဝက်မွေးတာ တံခွန်တိုင်ကျေးရွာရှိတယ်၊ အဒွန်းကျေးရွာရှိတယ်။ သေသွားတဲ့ဝက်တွေကို ပိုင်ရှင်တွေက ချက်ချင်းပေါ်ပြီး မြို့ပေါ်မှာ ထမင်းဆိုင်တွေကိုဈေးပေါပေါနဲ့ပို့တယ်။ အဲ့ဒီအချိန်မှာ စည်ပင်သာယာ ဦးစီးမှူးကို အကြောင်းကြားတော့ ဦးစီးမှူးက ဒီဝက်လေလံဆွဲတဲ့လူတွေက လေလံပေးတာ သိန်းကို ရာနဲ့ချီပေးရတဲ့အတွက် သူတို့က လိုင်စင်သက်တမ်းပြည့်ပြည့်နဲ့ ရောင်းရမှာပဲ၊ ဒါကိုဟန့်တားလို့မရဘူးတဲ့။”

အဲ့ဒီလို စားသောက်ဆိုင်တွေကို ဈေးပေါပေါနဲ့ပြန့်နှံ့သွားတဲ့ ဝက်သားကို အခုရက်ပိုင်းတွင်း စားမိတဲ့သူတွေဟာ ချက်ချင်းလက်ငင်းဝမ်းတွေသွားပြီး ရောဂါခံစားခဲ့ရပုံကိုတော့ ဈေးပိုင်ရပ်ကွက်ထဲက ဆေးကုသခံယူခဲ့ရသူ ကာယကံရှင်တဦးက ပြောပါတယ်။

“မြို့ပေါ်မှာ ၈ ရက်ကွက်က ၄ ရပ်ကွက်လောက် ဖြစ်တယ်။ ကျနော်တို့ အခုဖြစ်တာ ဈေးပိုင်း၊ ကန်သာယာ၊ အိုးဘိုနဲ့ ကွမ်းခြံမှာဖြစ်တယ်။ ရှိတဲ့လူက အပြင်ဆေးခန်းကုတယ်၊ မရှိတဲ့လူတွေက ဆေးရုံမှာ ကုတယ်၊ ကျနော် ဝက်သားနဲ့မုန့်ဟင်းစားလိုက်တယ်၊ အစားမှားတယ်လို့ ဆရာဝန်ကိုပြောတော့ ဆရာဝန်ကဆေးပေးတယ်။ ဆေးသောက်တော့ မသက်သာဘူး။ ကျနော် ဆရာဝန် ၃ ယောက်ပြောင်းရတယ်။ မသက်သာတဲ့အခါ ဗမာဆေးပြန်လှည့်ပြီးသောက်တာ အဲ့ဒီမှာ နည်းနည်းသက်သာသွားတယ်။ တော်တော်များများက ၃ ရက် ဆက်တိုက်ဖြစ်တယ်။ ကျနော်တို့တအိမ်ထဲမှာ ကျနော့်သမီးနဲ့ ကျနော်နဲ့ နှစ်ယောက်ဖြစ်တာ။”

တွံ့တေးမြို့နယ်မှာ ဝက်တွေအခုလို အမြှုပ်ထွက်ပြီး ရုတ်တရက်သေဆုံးခဲ့တာကို ရောဂါစစ်ဆေးဖို့ ဆိုတာလဲ တိရစ္ဆာန်ဆေးကုဆရာဝန် မရှိတာကြာပြီလို့ ဒေသခံတွေက ပြောပါတယ်။ ဒီလို ရောဂါဖြစ်တဲ့ ဝက်တွေကို စားသောက်ဆိုင်တွေ ဈေးတွေမှာ ရောင်းချနေမှုနဲ့ပတ်သက်ပြီး စည်ပင်သာယာတာဝန်ရှိသူတွေက ကိုင်တွယ်အရေးယူခြင်းရှိမရှိသိရဖို့ တွံ့တေး–စည်ပင်သာရုံးကို ဆက်သွယ်မေးမြန်းကြည့်ရာ တာဝန်ကျ ဝန်ထမ်းတဦးက ပြောပါတယ်။

“မသိပါဘူးခင်ဗျ။ အဲ့ဒီကိစ္စကို ကျနော်ဦးစီးက ဆောင်ရွက်နေပါတယ်။ ဦးစီးနဲ့ကျနော်က ဂျူတီသမားဗျာ၊ မနက်ကအထိကို ပြန်မလာသေးဘူး၊ အဲ့ဒီကိစ္စကို ဦးစီးက မနက်ကတော့ လိုက်စုံစမ်းကြည့်ဦးမယ်လို့ ပြောသံကြားမိတယ်။”

အဲဒီနောက် ဝမ်းရောဂါခံစားနေရတဲ့ ဝေဒနာရှင်တွေနဲ့ပတ်သက်ပြီး သိရဖို့ တွံ့တေးမြို့နယ်ဆေးရုံကို ဆက်သွယ်မေးမြန်းရာ တာဝန်ကျ သူနာပြုဆရာမတဦးက ဝက်သားဟင်းစားလို့တက်တဲ့ ဝမ်းပျက်ဝမ်းလျှောလူနာ မရှိကြောင်းနဲ့ “အပြင်ဆေးခန်းတွေပြပြီးတော့ သူတို့ဟာသူတို့လေ ဝမ်းလျှောတာဆိုတော့ အပြင်မှာပဲ ကုကြတယ်ထင်တယ်” လို့ ပြောပါတယ်။ အခုလို ဝက်တွေရုတ်တရက်သေဆုံးမှုနဲ့ ဝက်သားစားလို့ ဝမ်းရောဂါဖြစ်ပွားတာဟာ ဘယ်လိုမျိုး ကူးစက်ပိုးကြောင့် ဖြစ်တယ်ဆိုတာ ကျန်းမာရေးအာဏာပိုင်တွေဘက်က ဘာစုံစမ်းမှုမှ မလုပ်သေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။ မက္ကစီကိုနိုင်ငံမှာ ဝက်တုပ်ကွေးကူးစက်ရောဂါပိုး ပြန့်နှံ့နေပြီး ဝက်တွေမှာတွေ့ရတဲ့ ဆွိုင်းလူအမျိုးအစား ရောဂါပိုးကူးစက်မှုကြောင့် လောလောဆယ် လူ ၈၁ ဦး သေဆုံးသွားခဲ့ပြီးဖြစ်သလို မက္ကစီကိုနိုင်ငံကပြန်လာတဲ့ နယူးဇီလန်ကျောင်းသား ၁ ဦးလည်း ရောဂါကူးစက်ခံရတယ်လို့ ယူဆနေရပြီး အမေရိကန်နိုင်ငံမှာတော့ အသက်အန္တရာယ် မစိုးရိမ်ရသေးတဲ့ ကူးစက်မှုအချို့တွေ့ရှိနေရပါတယ်။ ဒဗလျူအိပ်ချ်အို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဝက်မှာဖြစ်ပွားတတ်တဲ့ ဝက်တုပ်ကွေးရောဂါပိုးဟာ ကမ္ဘာကို ပြန့်နှံ့နိုင်တဲ့ ကူးစက်ရောဂါပိုးဖြစ်လာမယ်၊ မဖြစ်လာဘူးဆိုတာကို ကျန်းမာရေးဌာနတွေက အထူးသတိထား စောင့်ကြည့်ဖို့လိုကြောင်း အရေးပေါ် သတင်းထုတ်ပြန်ထားပါတယ်။

## အဖွဲ့ချုပ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

**RFA၊ ဧပြီ ၂၇။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းနဲ့ပြည်နယ်အသီးသီးက ပါတီစည်းရုံးရေးမှူးတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေတွေ့ဆုံဆွေးနွေးပွဲကျင်းပဘို့ ရန်ကုန်မှာရောက်ရှိနေပြီး ကြိုတင်ညှိနှိုင်းတဲ့အစည်းအဝေးတရပ်ကို ပါတီဌာနချုပ်မှာကျင်းပခဲ့ကြပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်းနဲ့ပြည်နယ်အသီးသီးက ကိုယ်စားလှယ်တွေပါဝင်တဲ့တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၂၈ နဲ့ ၂၉ ရက်နေ့တွေမှာ ကျင်းပမှာဖြစ်ပါတယ်။ ပါတီရုံးချုပ်မှာကြိုတင်ပြင်ဆင်မှုအစည်းအဝေးပြုလုပ်ခဲ့ကြောင်း အဲန်အဲယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်တဲ့ ဒေါက်တာဝင်းနိုင်ကအခုလိုပြောပြပါတယ်။

“အစည်းအဝေးက မနက်ဖြန်စမယ်၊ ပြည်နဲ့တိုင်းတွေကလာတယ်။ ဆွေးနွေးရမယ့်အကြောင်းအရာ စတမ်းတွေပေးပြီးတော့ ပြည်နယ်နဲ့တိုင်းအလိုက် ဆွေးနွေးကြတာ။ အားလုံးပေါင်း ၁၄၈ ယောက်၊ ပြည်နယ်တိုင်းကိုယ်စားလှယ် ၆၈ ယောက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၈၃ ယောက်၊ ခုချိန်အထိကတော့ ရောက်လာတဲ့ကိုယ်စားလှယ်တွေဆီက ကြားရတာတော့ အနှောင့်အယှက်တွေတော့မကြားရသေးဘူး။ မနက်ဖြန် ၁၂ နာရီဆိုရင် တွေ့ဆုံဆွေးနွေးပွဲစမှာပါ။”

ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်တွေလည်း တက်ရောက်ခဲ့ပါတယ်။ ဦးအောင်ရွှေကတော့ မနက်ဖြန်အစည်းအဝေးကျမှ စတင်တက်ရောက်မယ်လို့သိရပါတယ်။ အစည်းအဝေးမှာ တက်တက်ကြွကြွဆွေးနွေးခဲ့ကြတယ်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကရှင်းပြပါတယ်။

“ပြည်နယ်နဲ့တိုင်းအလိုက် တက်ရောက်လာတဲ့ပုဂ္ဂိုလ်တွေက ကိုယ်အုပ်စုအလိုက် ကိုယ့်တိုင်းအလိုက်ညှိနှိုင်းဆွေးနွေးတာပါ။ စာတမ်းပြုစုတာပါ။ နိုင်ငံရေးရယ်၊ စည်းရုံးရေးရယ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားအမြင်ရယ်ဆိုပြီး ခေါင်းစဉ်သုံးချက်ကို ဗဟိုကချပေးပါတယ်။ မနက်ဖြန် ဗဟိုကအစည်းအဝေးကိုတင်ပါ့မယ်၊ တင်ပြီးတဲ့အခါမှာ ပြည်နယ်တိုင်းအလိုက် ဒီအချက်အလက်တွေအပေါ်မှာ ဝေဖန်သုံးသပ်တာတွေ၊ အကြံပြုတင်ပြတာတွေလုပ်ဘို့ပါ။ ဒီနေ့အခင်းအကျင်းကတော့ ပြည်နယ်တိုင်းကိုယ်စားလှယ်တွေကလည်း အများစုက တက်တက်ကြွကြွနဲ့ဆွေးနွေးကြတာ ပြုစုနေကြတာ ကျနော်တို့တွေ့ရတယ်။”

အခုကျင်းပမယ့် အစည်းအဝေးဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစည်းရုံးရေးမှူးတွေပါဝင်တဲ့အစည်းအဝေးဖြစ်ပြီး စစ်အစိုးရရဲ့ရွေးကောက်ပွဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်း စတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးမှာဖြစ်တဲ့အတွက် နိုင်ငံရေးအရအရေးပါတဲ့ အစည်းအဝေးတရပ်ဖြစ်တာကြောင့် မြန်မာပြည်တွင်းနဲ့နိုင်ငံတကာကပါ အထူးစိတ်ဝင်စားနေကြပါတယ်။




# သတင်းတိုထွာ ဖတ်စရာကလျာ

ကျော်စိုးကွေး

## ရွှေနေမျိုးကောင်စီမတရားအသင်းတဲ့

မြန်မာပြည်က စစ်အာဏာရှင်တွေက ထိုင်းနိုင်ငံမှာအခြေစိုက်တဲ့ မြန်မာနိုင်ငံ ရွှေနေမျိုးကောင်စီ(BLC)ဟာ မြန်မာနိုင်ငံတွင်းမှာ တရားဥပဒေစိုးမိုးရေးကို ထိပါးတဲ့အတွက် မတရားအသင်းလို့ကြေညာလိုက်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ကြေညာချက်ကို နအဖသတင်းစာထဲမှာဖော်ပြထားပါတယ်။ **(MONSTERS & CRITICS.COM, 1.5.2009)**

## သတင်းလွတ်လပ်ခွင့်လျော့ပါးကျဆင်း

အမေရိကန်အခြေစိုက် Freedom House အဖွဲ့ကြီးက ၂၀၀၈ ခုနှစ်အတွင်း အရှေ့အလယ်ပိုင်းမှာ လွတ်လပ်ခွင့်တိုးတက်လာတာကလွဲပြီး ကမ္ဘာတဝှမ်းမှာ သတင်းလွတ်လပ်ခွင့်ကျဆင်းလာတယ်လို့ အစီရင်ခံစာထုတ်ပြန်လိုက်ပါတယ်။ အင်တာနက်နဲ့ မီဒီယာပုံစံသစ်များပေါ်ထွန်းလာပေမဲ့ မြန်မာ၊ ကျူးဘား၊ အီရီထရီးယား၊ လစ်ဗျား၊ မြောက်အမေရိက၊ တာ့ခ်မဲန်နစ်စတန်နိုင်ငံတွေကတော့ သတင်းလွတ်လပ်ခွင့်တွေကို နှစ်ပေါင်းများစွာချိုးဖောက်နိုင်ငံတွေလို့ ဖော်ပြထားပါတယ်။ **(AP, 30.4.2009)**

## ပြစ်ဒဏ်ခတ်တာမရုပ်သိမ်းပါ

မြန်မာနိုင်ငံအပေါ်ထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့သဘောထားကို ပြန်လည်သုံးသပ်မယ်ဆိုထားတဲ့အတွက် ပြစ်ဒဏ်ခတ်အရေးယူတာတွေကို ရုပ်သိမ်းတော့မှာလားဆိုတဲ့ ပြောဆိုချက်တွေထွက်ပေါ်လာနေချိန်မှာ အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိတယောက်က ပြစ်ဒဏ်ခတ်တဲ့ကိစ္စရုပ်သိမ်းရေးကို မစဥ်းစားသေးပါဘူးလို့ အာမဘဏ္ဍခံလိုက်ပါတယ်။ **(AFP, 28.4.2009)**

## မိမိကိုယ်ကို အဆုံးစီရင်

ဂျပန်နိုင်ငံ တိုကျိုမြို့မှာ မြန်မာနိုင်ငံသား ချင်းအမျိုးသားတယောက် မိမိကိုယ်ကို အဆုံးစီရင်သွားကြောင်း သိရပါတယ်။ အသက် ၃၈ နှစ်အရွယ်ရှိ ၎င်းချင်းအမျိုးသားဟာ ဧပြီလ ၁၅ ရက်နေ့က ပျောက်ဆုံးနေခဲ့ရာ နောက်တနေ့မှာပဲ သူ့ရဲ့အလောင်းကို အိချိဂါဝါမြို့က မီးရထားသံလမ်းပေါ်မှာတွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ ရဲများက သူဟာ ကိုယ့်ကိုကိုယ်သေကြောင်းကြံစီသွားတာဖြစ်တယ်လို့အတည်ပြုပြောဆိုပါတယ်။ အလုပ်လက်မဲ့ဖြစ်ချိန်မှာ စိတ်ဓာတ်ကျပြီး အလုပ်ရှာမရတာကတကြောင်း၊ မိသားစုနဲ့ ဝေးနေရတာကတကြောင်း ကြောင့် အခုလိုလုပ်ကြံလိုက်တာဖြစ်နိုင်ပါတယ်။ **(RFA, 30.4.2009)**

## နာဂစ်ကူညီသူလွှတ်ပါ

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီးက နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ဘေးသင့်သူတွေကို ကူညီထောက်ပံ့ရေးလုပ်ခဲ့လို့ ဖမ်းဆီးထောင်ချခံခဲ့ရတဲ့ ဇာဂနာအပါအဝင် ၂၁ ဦးကို ပြန်လွှတ်ပေး ဖို့ နအဖစစ်အာဏာပိုင်တွေကို တောင်းဆိုလိုက်ပါတယ်။ **(AFP, 1.5.2009)**

## မြန်မာဝက်များကျန်းမာသဲ

မက္ကဆီကိုနိုင်ငံထဲမှာ ဝက်တုပ်ကွေးရောဂါပိုးဟာ လူတွေဆီမှာကူးစက်ပြန့်ပွားလို့ နိုင်ငံအချို့ကိုရောက်ရှိသွားတဲ့အတွက် စိုးရိမ်စိတ်တွေ ကြီးကြီးမားမားဖြစ်ပေါ်နေချိန်မှာ သက်ဆိုင်ရာအာဏာပိုင်တွေကလည်း မြန်မာတပြည်လုံးမှာရှိတဲ့ ဝက်မွေးမြူရေးခြံတွေက ဝက်တွေရဲ့အခြေအနေတွေကို လေ့လာနေပြီး စဉ်ဆက်မပြတ်သတင်း ထုတ်ပြန်နေတယ်လို့သိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အခုတုပ်ကွေးရောဂါပိုးဟာ ဝက်တွေဆီကနေ လူတွေကို ကူးစက်တာမဟုတ်ဘူးလို့ အတိအလင်းကြေငြာထားပြီးဖြစ်ပါတယ်။ **(XINHUA, VOB, 1.5.2009)**

## မတည်ငြိမ်သေးသောနာဂစ်ဘေးသင့်သူများ

မြန်မာနိုင်ငံထဲမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ခံရ တဲ့ပြည်သူတွေဟာ အကူအညီတွေလိုအပ်နေဆဲလို့ သိရပါတယ်။ နေစရာအခက်အခဲ၊ အလုပ်အကိုင်အခက်အခဲတွေရှိနေဆဲဖြစ်ပြီး သူတို့တတွေ အတွက် ကူညီထောက်ပံ့မှုတွေဆက်လက်ပေးဖို့ ကုလသမဂ္ဂက တိုက်တွန်း ပြောဆိုပါတယ်။ **(AP, 30.4.2009)**

## ညောင်လေးပင်နှင့်ပခုက္ကူဝမ်းရောဂါ

ပဲခူးတိုင်းညောင်လေးပင်နဲ့မကွေးတိုင်း ပခုက္ကူတို့မှာလည်း ဝမ်းရောဂါဖြစ်ပွား နေတယ်လို့ သိရပါတယ်။ ရောဂါရှင်တွေများပြားလို့ ဆေးရုံဆေးခန်းတွေမှာ ပြည့်နေတယ်လို့ဆိုပါတယ်။ သေဆုံးသူ ၃ ဦး ရှိတယ်လို့လည်း သိရပါသေးတယ်၊ ကျန်းမာရေးအရာရှိဟောင်းတဦးက အပူချိန်မြင့်တက်လာတာနဲ့ယင်နားအစားအစာတွေ စားသုံးမိတာတွေကြောင့်ဖြစ်နိုင်တယ်လို့ဆိုပါတယ်။ **(DVB, 30.4.2009)**

## ရွေးကောက်ပွဲအတွက် ခြေတလှမ်း

နအဖရဲ့တပ်မတော်ရေးရာလုံခြုံရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးရဲမြင့်ဟာ တရုတ် မြန်မာနယ်စပ်တလျှောက်မှာရှိတဲ့ အပစ်ရပ်အဖွဲ့ ဖြ ဖွဲ့ကခေါင်းဆောင်တွေနဲ့ သီးခြားစီတွေ့ခဲ့သလို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အကြီးအကဲ ဗိုလ်ချုပ်စိုးဝင်းကလည်း ကချင်လက်နက်ကိုင်တွေနဲ့ တွေ့ခဲ့ကြတယ်လို့သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ စစ်ရေးကိစ္စတွေအကြေအလည်ဖြစ်စေဖို့ ဆွေးနွေးခဲ့ပေမဲ့ ခိုင်မာတဲ့ရလဒ်ထွက်လာပုံမရဘူးလို့ အကဲခတ်တချို့က သုံးသပ်ပါတယ်။ **(MIZZIMA, 29.4.2009)**

## ကျူရှင်ဆရာဦးအောင်ဇေ ထောင်တနှစ်

တွံတေးက ကျူရှင်ဆရာဦးအောင်ဇေကို နအဖလက်အောက်ခံတရားရုံးတရုံးက ထောင်တနှစ်ချလိုက်တယ်လို့ သိရပါတယ်။ အကြောင်းကတော့ မတ်လ ၂၇ ရက်နေ့က တွံတေးမြို့နယ် အဲန်အဲလ်ဒီရုံးအရှေ့မှာ အဲန်အဲလ်ဒီရုံးတွေ ပြန်လည်ဖွင့်ခွင့်ပေးဖို့အာဏာပိုင်တွေထံ တောင်းဆိုဆန္ဒပြခဲ့လို့ပဲဖြစ်ပါတယ်။ **(DVB,29.4.2009)**

# မန္တလေး နန်းတည် နှစ်တရာ့ငါးဆယ်ပြည့် အနုပညာပုံရိပ်ပွဲတော် ကျင်းပမည်

**DVB၊ ဧပြီလ ၂၈။** ။ မကြာခင်မှာ ရောက်ရှိတော့မှာဖြစ်တဲ့ မန္တလေး နန်းတည် နှစ်တရာ့ငါးဆယ်ပြည့်ပွဲတော် အထိမ်းအမှတ်အနေနဲ့ မန္တလေးမြို့က စာပေပညာရှင်တွေနဲ့ အနုပညာရှင်တွေစုပေါင်းပြီး မန္တလေးအနုပညာပုံရိပ်ပွဲတော်ကို ကျင်းပဖို့ရှိနေပါတယ်။

အနုပညာပုံရိပ်ပွဲတော်ကို လာမယ့် မေလ ၁ ရက်နေ့ကနေ ၃ ရက်နေ့အထိ အမျိုးသားကဇာတ်ရုံမှာ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ ဒီဖျော် ဖြေပွဲမှာ မြို့မတူရိယာတီးဝိုင်းနဲ့ စိန်မှတ်တားဆိုင်းအဖွဲ့တို့ရဲ့ ဂီတဖျော်ဖြေမှုတွေနဲ့ အတူ ဒါရိုက်တာမောင်ယဉ်အောင်နဲ့ ချစ်စရာတို့ရဲ့ပြဇာတ် အစီအစဉ်တွေ ပါဝင်မှာ ဖြစ်တယ်လို့ အနုပညာပုံရိပ်ပွဲတော်ကျင်းပရေးကော်မတီရဲ့ ပြန့်ကြားရေးတာဝန်ခံ ရွှေမန္တလေးဂျာနယ် အယ်ဒီတာချုပ် သိုက်ထွန်းသက်က ပြောပါတယ်။

“နှစ်တရာ့ငါးဆယ်ပြည့်ပွဲတော်အကြို အမျိုးသားကဇာတ်ရုံမှာ စာပေ၊ သဘင်၊ ဂီတမိတ်ဆွေများ စုပေါင်းပြီးတော့ လုပ်ကြတဲ့ပွဲပါ။ ဒီပွဲကို မန္တလေးက အနုပညာသမားတွေ တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။”

ဒီအနုပညာဖျော်ဖြေပွဲမှာ မန္တလေးက အနုပညာရှင်တော်တော်များများ ပါဝင်ဖျော်ဖြေကြမှာဖြစ်ပေမယ့် အစိုးက ပိတ်ပင်ထားတဲ့ အနုပညာရှင်တွေ ဖျော်ဖြေခွင့်မရဘူးလို့လည်း မန္တလေးက အနုပညာသမားတွေကဆိုပါတယ်။ ဖျော်ဖြေခွင့် ပိတ်ပင်ခံထားရသူတွေဖြစ်တဲ့ ဦးပါပါလေး ဦးဆောင်တဲ့ နှုတ်ခမ်းမွေးညီအစ်ကိုတွေထဲက ဦးလူမော်ကတော့ ဖျော်ဖြေခွင့်မရတဲ့ အပေါ် “ကိုယ်က မန္တလေးမှာနေတာဆိုတော့ သူငယ်ချင်းအပေါင်းအသင်းတွေက ပွဲကြိုတီးလုံးတွေ တိုက်ပြီး တကယ့်ရက်ကြီးမှာလည်း ကကြမယ်ဆိုတော့ ကျနော်တို့နှုတ်ခမ်းမွေး အဖွဲ့ ကချင်ပါတယ်။ ပျော်ပျော်ရွှင်ရွှင်ပေ့ါ။ ဒါပေမယ့် ဒီနှစ် တရာ့ငါးဆယ်မှာ ပါဝင်မဆင်နွှဲရဘူးဆိုတော့ စိတ်ထဲမှာ မကောင်းဘူးပေ့ါဗျာ” လို့ ပြောပါတယ်။

လက်မှတ်တစောင်ကို နှစ်သောင်း၊ တသောင်းခွဲ၊ ခုနှစ်ထောင့်ငါးရာနဲ့ ငါးထောင်ကျပ်တွေအဖြစ် သတ်မှတ်ထားတယ်လို့လည်း မန္တလေးမြို့ခံတွေက ဆိုပါတယ်။ လက်မှတ်ခတွေနဲ့ပတ်သက်လို့ မန္တလေးမြို့ခံ အမျိုးသမီးတဦးက အခုလိုပြောပြပါတယ်။

“မန္တလေးအနေနဲ့ ကြည့်တော့ ကြည့်နိုင်ကြပါတယ်။ ၁ သောင်းတို့ ဘာတို့ကျတော့ ဈေးကြီးတယ်။ ၅ ထောင်လောက်ဆိုရင်တော့ မဆိုးဘူးပေ့ါ၊ ဒါပေမယ့် မန္တလေးသားတွေကတော့ ဘာပွဲလုပ်လုပ် ဈေးဘယ်လောက်ကြီးကြီး စည်တော့ စည်ကားနေတာပဲ။ ဘယ်ကနေ ထွက်လာကြလဲ မသိဘူး”။

မန္တလေးနန်းတည် နှစ်တရာ့ငါးဆယ်ပြည့် အခမ်းအနားကို မေလ ၁၅ ရက်နေ့ကစတင်ပြီး ၁၉ ရက်နေ့အထိ ပြုလုပ်မှာဖြစ်ပါတယ်၊ လောလောဆယ်တော့ မန္တလေးမြို့တော် စည်ပင်သာယာကနေ အခမ်းအနားကျင်းပရေး ရန်ပုံငွေအဖြစ် လုပ်ငန်းရှင်အချို့ကို အလှူခံမှုအချို့ရှိနေတယ်လို့ မန္တလေး လုပ်ငန်းရှင်တွေက ပြောပါတယ်။

# တွံတေးအဖွဲ့ချုပ်ဝင်နှစ်ဦးကို ရုံးထုတ်

**DVB၊ ဧပြီလ ၂၈။** ။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဘုရားမှာ ဝတ်ပြုဆုတောင်းပြီးနောက် အဖမ်းခံရတဲ့ တွံတေးမြို့အန်အယ်လ်ဒီ ဒု–ဥက္ကဋ္ဌ ဦးချစ်ဖေနဲ့မြို့နယ်စည်းရုံးရေးမှူးကိုအောင်စိုးဝေတို့ကို တွံတေးမြို့နယ်တ ရားရုံးမှာ ဒီနေ့ရုံးထုတ်ပါတယ်။

ဒီအကြောင်းကို တရားရုံးမှာ သွားရောက်ကြားနာသူ တဦးက အခုလို ပြောပြပါတယ်။

“ဒီနေ့တရားရုံးမှာ ဦးချစ်ဖေနဲ့ ကိုအောင်စိုးဝေတို့ကို ရုံးထုတ်တယ်။ ရှေ့နေအဖြစ် ဦးကျင်တိုးက လိုက်တယ်။ ဒုရဲအုပ် ဝင်းထွတ်ထွတ်ဦးနဲ့ ရဲတပ်ကြပ်ဖိုးသားကို ဒီနေ့ စစ်တယ်” လို့ ပြောပါတယ်။ ဒီလ ၂၁ ရက်နေ့က တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာမှာရှိတဲ့ ဖက်တရာ ဘုရားမှာ ပြုလုပ်တဲ့ ဝတ်ပြုဆုတောင်းပွဲအပြီး ဒေသခံရဲတွေက ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးခဲ့တာ ဖြစ်ပါတယ်။ ဆုတောင်းပွဲပြီးတဲ့အခါ ရပ်ကွက်အာဏာပိုင်ရုံးက ကိုအောင်စိုးဝေကို ဆင့်ခေါ်ပြီး မယကရုံးကို ထပ်မံခေါ်ဆောင်ပါတယ်။ မယကရုံးကိုသွားရာလမ်းမှာ စောင့်နေတဲ့ရဲက ကိုအောင်စိုးဝေကိုသာမကဘဲ အဖော်လိုက်သွားတဲ့ ဦးချစ်ဖေကိုပါ ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးပါတယ်။

နောက်နေ့မှာ သူတို့နှစ်ဦးကို သာသနာညစ်နွမ်းစေမှုနဲ့တွံတေးတရားရုံးမှာ တရားစွဲပြီး အင်းစိန်ထောင်ကို ပြောင်းရွှေ့လိုက်ပါတယ်။ ပြီးခဲ့တဲ့ ၂၂ ရက်နေ့က ရုံးထုတ်မှာတုန်းက သူတို့ရဲ့ရှေ့နေ ဦးကျင်တိုးက အမှုသည်နှစ်ဦးကို အာမခံပေးဖို့ လျှောက်ရာမှာ သာသနာရေးနဲ့ဆိုင်တဲ့ကိစ္စဖြစ်တာမို့ အာမခံမပေးနိုင်ဘူးဆိုပြီး တရားသူကြီးကပယ်ချခဲ့ပါတယ်။ သူတို့အပေါ် စွဲဆိုထားတဲ့ ပုဒ်မ ၂၉၅ (က)၊ သာသနာညစ်နွမ်းစေမှုပုဒ်မဟာ ပြစ်မှုထင်ရှားရင် ထောင်ဒဏ် ၂ နှစ်ကျခံရဖွယ်ရှိပါတယ်။ တရားစွဲဆိုခံရသူနှစ်ဦးနဲ့ မိသားစုဝင်တွေ ဒီနေ့စကားပြောခွင့် စတင်ရကြပေမယ့် လူမှုရေးကိစ္စသာ ပြောခွင့်ပေးပြီး နိုင်ငံရေးကိစ္စမပြောဖို့ ရဲကပိတ်ပင်ခဲ့တာကြောင့် မိသားစုနဲ့ရဲအကြား အချေအတင်ဖြစ်ရတယ်လို့ မျက်မြင်တွေကပြောပါတယ်၊ ဒီအမှုကို လာမယ့်မေလ ၅ ရက်နေ့မှာ ထပ်မံချိန်းဆိုထားတယ်လို့ သိရပါတယ်။

# ကြိုးတံတားဖွင့်ပွဲ အဝေးမှတက်ရောက်ခိုင်း

**DVB၊ ဧပြီလ ၂၇။** ။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့အနီး ရွှေလီမြစ်ကူးကြိုးတံတားကို ဒီနေ့ မနက်ပိုင်းက တံတားဖွင့်လှစ်ခဲ့ပြီး မူဆယ်ခရိုင်က မူဆယ်၊ ပန်ဆမ်း၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ သိန္နီစတဲ့ မြို့နယ်တွေက ဒေသခံလူထု တသောင်းကျော်ကို မြို့နယ်မယကတွေက ဆင့်ခေါ်ကာ တက်ရောက်ခိုင်းပါတယ်။

နမ့်ခမ်းမြို့နယ်က လူထုလေးထောင်ကျော်ကို တဦးကို မြန်မာငွေ ကျပ် ၃၀၀ ပေးပြီး တက်ခိုင်းခဲ့ပေမယ့် ငွေထုတ်ရာမှာ ကျပ်ငွေ ၁၅၀ သာရတဲ့အပြင် ကလေး၊ လူကြီးအရွယ်မရွေး နေပူထဲမှာ ထမင်းငတ်နေရတယ်လို့ နမ့်ခမ်းမြို့ခံ တဦးက ပြောပါ တယ်။

“ကျန်တဲ့ ၁၅၀ က အဲဒီတယောက်က ဖြောင်လိုက်တာပေ့ါ။ ပြီးတော့ နမ့်ခမ်းမြို့ထဲမှာရှိတဲ့ ကားဂိတ်အားလုံး ကားဂိတ်တလိုင်းကို ကား ၁၀ စီးချော ဆွဲတယ်။ ပြီးတော့ ရှမ်းစာပေယဉ်ကျေးအဖွဲ့ကို အယောက် ၃၀ ခေါ်ပြီးမှ ဒီနေ့ကျတော့ အယောက် ၁၅၀ မသွားမနေရ ဆိုပြီးတော့ အတင်းအဓမ္မဖိအားပေးတော့ သွားရတယ်။ ရယကဥက္ကဋ္ဌကို ဆင့်ခေါ်ပြီးတော့ ရယက ကနေ ဒီရပ်ကွက်က ဥက္ကဋ္ဌတွေကို ပြန်ပြီး ပြောတာပေ့ါ။”

ဒီကနေ့မနက်က ပြုလုပ်တဲ့ ကြိုးတံတားဖွင့်ပွဲမှာ ပန်းပွားအက ကပြဖို့ ၁၂ နှစ်အောက် မိန်းကလေးတွေကို မနေ့က အကြိုလေ့ကျင့်မှုတွေ လုပ်ခဲ့ရသလို ဒီမနက်အစော ကြီး ၂ နာရီခွဲကတည်းက ထပြီး ဖွင့်ပွဲနေရာကို သွားရောက်ရတယ်လို့အဲဒီ နမ့်ခမ်း ဒေသခံကပဲပြောပါတယ်။

“လူကြီးလာရင် လူကြီးရှေ့မှာ ကပြရမယ်ဆိုပြီး မနက် ၂ နာရီ ကတည်းကခေါ်ထားတာ၊ အယောက် ၃၀–၄၀ လောက်ရှိမယ်ထင်တယ်၊ မိဘတွေကတော့ သိပ်ပြီးတော့မကြည်လင်ဘူးပေ့ါ။ အားလုံး မယကပဲခေါ်တာ၊ သူကပဲ ညွှန်ကြားတယ်။”

ဒီကနေ့ဖွင့်လှစ်ခဲ့တဲ့ ရွှေလီကြိုးတံတားဟာ ၂၀၀၄ ကတည်းက စတင်ဆောက်လုပ်ခဲ့တာဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နဲ့အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (ရမခ) ဒု–တိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်တို့လာရောက်ဖွင့်လှစ်ပါတယ်။ တံတားဖွင့်ပွဲအခမ်းအနားကို မနက် ၇ နာရီမှာ စတင်ခဲ့ပြီး ၈ နာရီမှာ ပြီးဆုံးပါတယ်၊ ဒါပေမယ့် ဒေသခံလူထုက အဲဒီတံတားဖွင့်ပွဲအတွက် မနက်လေးနာရီကတည်းက ထပြီး တံတားဖွင့်မယ့်နေရာကိုသွားရောက်စောင့်ဆိုင်းခဲ့ရတယ်လို့ အဲဒီဒေသခံက ပြောပါတယ်။

# အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နအဖစစ်အုပ်စုတွေ့ဆုံဘို့စီစဉ်နေ

**VOA၊ဧပြီလ ၂၈။** ။ မြန်မာနိုင်ငံတဝန်းမှာရှိတဲ့ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးနီးပါးကို ဒီနေ့ဧပြီလ ၂၈ ရက်မှာ သက်ဆိုင်ရာစစ်တိုင်းတွေက တွေ့ဆုံဖို့စီစဉ်ထားပါတယ်။

စစ်အစိုးရဟာ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပဘို့ပြင်ဆင်နေတဲ့အချိန် အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့တွေရဲ့ ရွေးကောက်ပွဲအပေါ်သဘောထားကို ပြတ်ပြတ်သားသားသိနိုင်အောင် ကြိုးစားနေပြီး ရွေးကောက်ပွဲမှာပါဝင်အောင်လည်း ဖိအားပေးနေတယ်လို့ လေ့လာသူတွေသုံးသပ်ပါတယ်။ မြန်မာစစ်အစိုးရရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့တိတိကျကျဖော်ပြထားတာမျိုးမရှိတဲ့အတွက် လက်နက်တွေကိုစွန့်ပြီး နိုင်ငံရေးပါတီတွေဖွဲ့၊ ရွေးကောက်ပွဲဝင်ခိုင်းတာမျိုးကို လက်ခံမှာမဟုတ်ဘူးဆိုပြီး အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားခေါင်းဆောင်တချို့ကိုယ်တိုင် ပြောဆိုနေတာတွေရှိပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ ဘယ်လိုအခန်းကဏ္ဍကပါဝင်မလဲ သဲသဲကွဲကွဲမသိရသေးတဲ့အချိန် အခုလို မြန်မာစစ်အစိုရဘက်က အပစ်အခတ်ရပ်ထားတဲ့ တိုင်းရင်းသားအဖွဲ့တွေနဲ့တရက်တည်း သက်ဆိုင်ရာနယ်မြေတွေအလိုက် တဖွဲ့ချင်းတွေ့ဆုံဖို့စီစဉ်တာပါ။ "ဟုတ်တယ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကပါ။ တခြားအဖွဲ့အစည်းတွေကိုလည်း ခေါ်တယ်လို့ကြားသိရတယ်။ မြစ်ကြီးနားမှာခင်ဗျ။" ကေအိုက်အေ ကချင်လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင်တယောက်က အစည်းအဝေးနဲ့ပတ်သက်ပြီး ပြောသွားတာပါ။

အခုတွေ့ဆုံဆွေးနွေးမှုတွေက စစ်အစိုးရဘက်က တိုင်းရင်းသားတွေကို လက်နက်စွန့်ဘို့ဖိအားပေးတာမျိုးတွေ မအောင်မြင်တော့တဲ့အဆုံး သူတို့ကိုလက်နက်ချစရာမလိုဘူး။ ဒါပေမယ့် နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်လာဘို့လိုတယ်ဆိုပြီး ဖိအားပေးတဲ့ခြေလှမ်းမျိုးကို စပြီးလှမ်းလာတာလို့ နိုင်ငံရေးအကဲခတ်တွေက သုံးသပ်ပါတယ်။ ထိုင်း–မြန်မာနယ်စပ် နိုင်ငံရေးသုံးသပ်သူတဦးဖြစ်တဲ့ အဲန်ဒီဒီ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုအဖွဲ့ရဲ့ သုတေသနမှူးဦးဌေးအောင်က အခုလိုမြင်ပါတယ်။

"သူတို့က လက်နက်တွေချပေးစရာမလိုဘူးဆိုတာတော့ တရားဝင်ပြောပြီးပြီ။ အရင်တခေါက်ကလည်း သွားပြောထားတာရှိတယ်။ အခုတခါက ရွေးကောက်ပွဲမှာပါမလား မပါဘူးလားဆိုတဲ့ဟာကို အပြတ်မေးမယ်နဲ့တူတယ်။ အဲဒီကိစ္စသဘောထားတောင်းမယ်ထင်တယ်။ အစတုန်းကတော့ ဖိအားပေးနေတာ ၂၀၀၅ ကတည်းကစပြီး လက်နက်တွေချဘို့ဖိအားပေးနေတာတကယ်ရှိတယ်။

ဒါပေမယ့် အခုအင်အားအတောင့်တင်းဆုံးအဖွဲ့အစည်းတွေက နည်းနည်းပြန်ပြီးကလန်ကဆန်လုပ်လာတဲ့အပေါ်မှာ သူတို့ရွေးကောက်ပွဲပျက်မှာစိုးပြီး အခုအဲဒါကို နောက်ဆုတ်လိုက်တဲ့သဘော၊ အဲဒီကိစ္စကို အခုရှေ့တန်းတင်မပြောဘူး။ တချိန်ချိန်ကျမှ နောက်အစိုးရလက်ထက်ကျမှဆိုတာမျိုး သူတို့ကရွှေ့ထားတယ်။

အခုလတ်တလောကတော့ ရွေးကောက်ပွဲဝင်ရေး၊ ဖွဲ့အုပ်ချုပ်ပုံအခြေခံဥပဒေတုန်းကလည်း အပစ်အခတ်ရပ်စဲရေးအဖွဲ့ဝင်တွေအပါအဝင် တိုင်းရင်းသားတွေအများစုက ဝင်ပြီးတော့ တက်တက်ကြွကြွရေးဆွဲခဲ့တယ်။ သူတို့သဘောထားဆန္ဒပါတယ်ဆိုတာကိုပြခဲ့တယ်။ အခုတခါ ရွေးကောက်ပွဲမှာလည်း သူတို့အနေနဲ့က တိုင်းရင်းသားတွေကိုယ်တိုင် ပါဝင်အရွေးခံခဲ့တယ်ဆိုတာကို နိုင်ငံတကာရောပြည်တွင်းမှာပါပြဘို့ အရေးကြီးနေတယ် သူတို့အတွက်"

မြန်မာအစိုးရကတွေ့ဆုံမယ့်အထဲမှာ စစ်အစိုးရနဲ့အပစ်အခတ်ရပ်စဲထားတဲ့ ကယန်းလက်နက်ကိုင်အဖွဲ့၊ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့၊ ကိုးကန့်အဖွဲ့၊ '၀'တိုင်းရင်းသားအဖွဲ့၊ ကချင်တိုင်းရင်းသားအဖွဲ့အစည်းတွေဖြစ်တဲ့ ကေအိုင်အော၊ အဲန်ဒီအေကေ စတဲ့တိုင်းရင်းသားအဖွဲ့တွေအပြင် အက်စ်အက်စ်အေ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)၊ ဒီအဖွဲ့အစည်းတွေအားလုံးပါဝင်ပါတယ်။

ဒီအစည်းအဝေးဟာ အဲန်အဲယ်လ်ဒီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်နယ်နဲ့တိုင်း မြို့နယ်ပေါင်းစုံ အစည်းအဝေးကျင်းပနေတဲ့အချိန်နဲ့လည်းတိုက်ဆိုင်နေပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုတွေဟာ ၂၀၁၀ မှာ စစ်အစိုးရက အဆိုပြုထားတဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ သဘောထားအမြင်တွေကို ဦးစားပေးတင်ပြလာနိုင်တာတွေရှိတယ်ဆိုတဲ့ သုံးသပ်ချက်တွေတော့ တွေ့နေရပါတယ်။

## လူကုန်ကူးမှုဖော်ထုတ်ရေး အမတ်များတောင်းဆို

**RFA၊ဧပြီလ ၃၀။** ။ မလေးရှားရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ အရောင်းစားခံနေရတဲ့ပိစ္စအပါအဝင် မြန်မာနိုင်ငံသားတွေ မလေးရှားနဲ့ထိုင်းနယ်စပ်မှာ လူကုန်ကူးခံနေရတဲ့ကိစ္စကို မလေးရှားအစိုးရအနေနဲ့ အသေအချာစုံစမ်းဖော်ထုတ်ပေးဘို့ AIPMC လို့ခေါ်တဲ့ မြန်မာ့အရေးဆောင်ရွက်နေတဲ့ အာဆီယံလွှတ်တော်အမတ်များအသင်းက ဒီကနေ့ဧပြီ ၃၀ ရက်မှာ ကြေညာချက်တစောင်ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

မလေးရှားအခြေစိုက် AIPMC အဖွဲ့ဟာ မလေးရှားရောက်မြန်မာဒုက္ခသည်တွေနဲ့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံနေတဲ့သူတွေကို မလေးရှားအာဏာပိုင်တွေက ကောင်းကောင်းမွန်မွန်စောင့်ရှောက်ဘို့ လိုတယ်လို့ထပ်ပြီးတောင်းဆိုကြောင်း သိရပါတယ်။ AIPMC အဖွဲ့ပြောခွင့်ရသူ Mr. Roshan Jason ကတော့ AIPMC အဖွဲ့ရဲ့စိုးရိမ်မှုနဲ့ပတ်သက်လို့ နယ်စပ်ဒေသလူကုန်ကူးလုပ်ငန်းတွေမှာ မြန်မာနိုင်ငံသားတွေအတင်းအဓမ္မအရောင်းစားခံနေရတဲ့ကိစ္စကို AIPMC အနေနဲ့ မလေးရှားအစိုးရတာဝန်ရှိသူတွေကို ဟိုအရင်ကတည်းကတင်ပြခဲ့ပေမယ့် ဒီကိစ္စအပေါ်မှာမလေးရှားအစိုးရက ဘာတခုမှအရေးယူဆောင်ရွက်ခဲ့ခြင်းမရှိလို့ အခြေအနေတွေဟာ တနေ့တခြားဆိုးဝါးလာရတာဖြစ်ကြောင်း ဒါကြောင့် AIPMC အနေနဲ့ အခုတကြိမ်ထပ်ပြီး တိုက်တွန်းရတာဘဲဖြစ်တယ်လို့ ပြောပါတယ်။

AIPMC က အခုလိုတိုက်တွန်းတောင်းဆိုချက်အပေါ် မလေးရှားအစိုးရက ဘယ်လိုတုန့်ပြန်မယ်မျှော်လင့်ထားပါသလဲလို့ RFA ကမေးမြန်းရာမှာတော့ မလေးရှားရောက်မြန်မာတွေ ပိုမိုကောင်းမွန်တဲ့ဘဝဖြစ်လာအောင် မလေးရှားအစိုးရက စဉ်းစားလုပ်ဆောင်ပေးလာမယ်လို့ မျှော်လင့်ထားပါတယ်။

AIPMC အနေနဲ့ကတော့ ဥပဒေလမ်းကြောင်းထဲကနေ အမြဲတိုက်တွန်းနေပေမယ့် မလေးရှားနိုင်ငံဥပဒေတွေဟာ တည်ငြိမ်မှုမရှိသလို တရားမျှတမှုလည်းမရှိတာကြောင့် မျှော်လင့်ထားသလို ဖြစ်မလာတာတွေများပါတယ်လို့ AIPMC အဖွဲ့ပြောခွင့်ရသူ Mr.Roshan Lason က RFA ကိုပြောဆိုသွားပါတယ်။

---

### စာမျက်နှာ ၉ မှ

**မေ ၁၊ AFP ။ ။** မုန်တိုင်းဒုက္ခသည်များအား ကူညီသူ ဇာဂနာစသည့်ပုဂ္ဂိုလ် ၂၀ ကျော်ကို လွှတ်ရန် ကမ္ဘာ့လူ့အခွင့်အဖွဲ့များမှ နအဖသို့တောင်းဆို၏။

**မေ ၁၊ AsiaTribune ။ ။** နအဖတပ်အောက် တိုင်းရင်းသားများနေထိုင်သည့် မြန်မာကျေးလက်များတွင် အစာရေစာရှားပါးကာ ရွာသူရွာသားများ အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း KHRG ကရင်လူ့အခွင့်အရေးအဖွဲ့၏ ယနေ့ထုန်ပြန်ချက်မှဆို၏။

**မေ ၁၊ NMG ။ ။** အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရာနှင့်ချီသောမြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ဘန်ကောက်မြို့ ဗဟိုသွေးလှူဘဏ်တွင် စုပေါင်း၍သွေးလှူခဲ့ကြကြောင်း။

**မေ ၁၊ RFA ။ ။** အလုပ်အကိုင်အခက်အခဲဖြစ်၍ ချင်းအမျိုးသားတယောက် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ မိမိကိုယ်ကိုကိုယ် မိမိအဆုံးစီရင်သွားကြောင်း။

# အမှျသံတွေ ဝေနေဦးမယ့် ရောဝတီ

နေနွယ်မိုးအောင်

အနောက်တောင်ဘက်ဆီမှာ မိုးရိပ်လေးများ သန်းတဲ့ မိုးကြိုကာလကို ရောက်ရှိနေပါပြီ၊ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ခဲ့ကြတဲ့ မိသားစုလေးတွေကို အားရအောင် မွှေနှောက်ဖြိုခွင်းခဲ့တဲ့ နာဂစ်ဆိုတဲ့ မုန်တိုင်းကြီး တိုက်ခတ်ခဲ့တာလည်း အခုဆို နှစ်ပတ်လည်အချိန်ကို တပတ်ပြန်လည် ရောက်ရှိခါနီးနေပါပြီ၊

မေလဆန်းမှာကျရောက်မယ့် နှစ်ပတ်လည် အချိန်မှာ ရောဝတီ နယ်တကြောမှာ ကျန်ရစ်ခဲ့တဲ့ သူတွေရဲ့ဆို့နစ်ကြေကွဲ နေတဲ့အသံလေးတွေနဲ့ အတူ အမှျပေးဝေနေသံလေးတွေကို ကြားရပါတော့မယ်၊ သူတို့နယ်မှာ အများစုကတံငါအလုပ်လုပ်ကိုင်ပြီး အသက်မွေးကြပေမယ့် စိတ်ရင်းစေတနာ အပြည့်နဲ့တဦးကိုတစ်ဦး ရိုင်းပင်းကူညီရင်း မိသားစုကြီးပမာ နေထိုင်ကြလို့ ကြေကွဲဖွယ်အဖြစ်ဟာ အားလုံးရင်ထဲ ရှိနေဆဲပါလို့ အတိတ်ကို ပြန်မြင်ယောင်ရင်း ရောဝတီတိုင်းသားတဦးဖြစ်တဲ့ ကိုတင်စိုးက ပြောပါတယ်၊

နာဂစ်ကြောင့် မိသားစုဝင်တွေ ဆုံးပါးသွားခဲ့ပြီး တဦးထဲ ကျန်ခဲ့တဲ့သူဟာ စိတ်နာနာနဲ့ နယ်ကိုမပြန်တာ နာဂစ်ပြီးကတည်းက အခုထိပါပဲ၊ လက်ရှိအချိန်မှာတော့ ရန်ကုန်မြို့မှာ အထမ်းလေးနဲ့ မုန့်ဟင်းခါးလှည့်ရောင်းလို့ သူ အသက်မွေးဝမ်းကြောင်း ပြုနေပါတယ်၊ မိသားစုလေးယောက်ရှိတာ၊ မိန်းမနဲ့ သမီးနှစ်ယောက်(နာဂစ်ထဲ)ပါသွားတယ်၊ တယောက်ထဲ ကျန်တာ ကံကောင်းတယ်လို့ပြောရမလား။ ကံဆိုးတယ်လို့ ဆိုရမလားပဲ၊ အသက်သာရှင်နေပေမယ့် စိတ်က သေဆုံးနေသလိုပဲ၊ သေသွားတဲ့ သူတွေက ဘာမှမသိတော့ပေမယ့် ကျန်ခဲ့တဲ့သူက ယောင်ချာချာလေ၊ အခု တနှစ်ပြည့်တော့မယ်ဆိုတော့ နယ်ကိုပြန်ဆင်းပြီး သူတို့အတွက် ဆွမ်းသွတ် အမှျဝေပေးမယ် လို့ ကိုတင်စိုးက ပြောပါတယ်။

နာဂစ်ကြောင့် နေ့ချင်း။ ညချင်း ပြောင်းလဲသွားတဲ့အဖြစ်ဆိုးကို မယုံကြည်နိုင်အောင်ဖြစ်ခဲ့ရတဲ့ လပွတ္တာမြို့နယ်။ ဇင်ရွှေရွာသား အသက် ၁၅ နှစ် အရွယ် မောင်လေးအောင်ကတော့ သူ့ဝမ်းရေး အတွက် ရန်ကုန်မြို့လက်ဖက်ရည် ဆိုင်မှာ အလုပ်လုပ်ရင်း ရသမျှငွေကိုစုဆောင်းလို့ မကြာခင် လပွတ္တာကိုပြန်ပြီး မိဘတွေ အတွက် နှစ်ပတ်လည် ဆွမ်းသွတ်အမှျပေးဝေမယ်လို့ ဆိုပါတယ်၊

သူဟာ နာဂစ်မတိုက်မီအချိန်လေးမှာ အဖေ၊ အမေနဲ့အတူ အစ်ကိုတွေ အစ်မတွေ စုံစုံညီညီနဲ့ ပျော်ပျော်ရွှင်ရွှင်နေခဲ့ရသူတဦးပါ၊ မိသားစုမှာ ကျွန်တော်ကအငယ်ဆုံး။ အဖေက အသက် ၇၀ ကျော်ရှိပြီ၊ မိသားစုအားလုံးပေါင်း ခုနစ်ယောက်ရှိပါတယ်၊ အစ်ကိုတွေ၊ အစ်မတွေက အဖေကြီးနဲ့အမေကိုငဲ့ပြီး သေသွားကြတာလို့ သူက ဆိုပါတယ်၊

ရွာက ပင်လယ်ဝနဲ့နီးပြီး ရွာတဝက်လောက် သေဆုံးကြတော့ သူ့လို ဘဝတူ သူငယ်ချင်း တချို့လည်းကျန်ခဲ့တယ်လို့ပြောပါတယ်၊ ပင်လယ်ဝက ရွာလေးတရွာက မမူမူဆွေကတော့ ပင်လယ်ထဲရောက်သွားတဲ့ အစ်ကိုတို့မိသားစု အတွက် အိမ်နီးနားချင်းများနဲ့စုပေါင်းပြီးနှစ်လည် ဆွမ်းသွတ်အမှျပေးသွားမယ်လို့ ပြောပါတယ်၊

အစ်ကိုတို့မိသားစုက ပစ္စွန်ကန်လုပ်ငန်းလုပ်တယ်၊ သမီးလေးက သုံးနှစ်ပဲရှိသေးတယ်၊ ဖြစ်တဲ့ညက ကိုယ်လွတ်ရုန်းရင်းလွတ်တယ်၊ သူ့မိသားစုကိုငဲ့လို့သေသွားတာပါ၊ သူတို့အလောင်းတောင်ပြန်မရဘူး၊ ပင်လယ်ထဲကို ပါသွားတာလို့ မမူမူဆွေက ငိုရင်းပြောပြပါတယ်။

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငပုတောမြို့နယ်၊ ဘုန်းတော်ပြည့်ရွာက အသက် ၁၃ နှစ်သာရှိသေးတဲ့ မောင်မြတ်သူအောင်က မိဘများအတွက် ရန်ကုန်မြို့က ဘုန်းကြီးကျောင်းတကျောင်းမှာပဲ နှစ်ပတ်လည် ဆွမ်းသွတ် အမှျဝေပေးမယ်လို့ ပြောပါတယ်၊ မိဘများက သူ့ကိုအသက်ပေးပြီး ကယ်တင်ခဲ့တဲ့နောက်ဆုံးမြင်ကွင်းကို ဘယ်တော့မှ သူမမေ့မရပါဘူးလို့လည်း ဆိုပါတယ်။

မုန်တိုင်းညမှာ အဖေက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ဂါလန်ပုံးတွေနဲ့ ချည်ပေးထားတယ်၊ ညီလေးက အသက်လေးနှစ်ပဲရှိသေးတယ်၊ ရေတွေက ဆောင့်တက်လာတော့ နောက်ဆုံးခေါင်ဖောက်ပြီး ထွက်ရတယ်၊ အဲဒီအချိန်မှာ အဖေက ကျွန်တော့ကို အရင်ထုတ်ပေးတယ်၊ ကျွန်တော်အပြင်ရောက်တုန်းပဲ ရှိသေးတယ်၊ အဖေ့ဆီက အားဆိုတဲ့အသံပဲ ကြားလိုက်ရတယ်၊ဘာမှမမြင်လိုက်ရတော့ဘူး၊ ကျွန်တော့အထင် အိမ်ပြိုသွားလို့ အကုန်ပါသွားတာလို့ထင်တယ်လို့ပြောပါတယ်။

ရန်ကုန်မြို့ခံတဦးဖြစ်တဲ့ ဦးတင်ခိုင်က မထင်မှတ်ပဲ ရုတ်တရက်ကြီး သေသွားကြတာဆိုတော့ ကျွတ်တဲ့သူလည်းရှိသလို မကျွတ်တဲ့သူတွေလည်းရှိမှာပဲ၊ အခုထိ ခြောက်လှန့်နေတယ်ဆိုတဲ့ အသံလည်း ကြားနေရတုန်းပါပဲ၊ အဲဒီတော့ ဗုဒ္ဓဘာသာ အယူအနေနဲ့ကတော့ နှစ်လည်ဆွမ်းကို လုပ်ကို လုပ်ပေးသင့်ပါတယ်၊ ဒါမှလည်း မကျွတ်မလွတ်သေးသူတွေရှိရင် သာခုခေါ်ပြီး ကျွတ်လွတ်သွားနိုင်ကြမယ်လေလို့ သူ့အမြင်ကို ပြောပါတယ်။

အခုဆိုရင် အနောက်တောင်ဘက်ဆီမှာ မိုးရိပ်ဆင်နေလေလေ တလိမ့်လိမ့်တက်လာတဲ့ မိုးရိပ်တွေကိုကြည့်ပြီး ရောဝတီတိုင်းသားတွေရဲ့ရင်ထဲမှာလည်း အပူမီးတွေဟာ မိုးရိပ်တွေနဲ့အပြိုင် တလိမ့်လိမ့်တက်နေကြပါပြီ၊ ရင်ထဲမှာ ပူလောင်မှုတွေ ရှိနေလင့်ကစား သေဆုံးသူများအတွက် သူတို့ရဲ့အမှျဝေသံတွေဟာ ရောဝတီတကြော လွှင့်မျောလို့ ညံနေဦးမှာပါ။

---

# ဘိုကလေးတွင် ပြည့်တန်ဆာခန်းများ ပိုမိုများလာ

**DVB၊ဧပြီ ၂၇။** ။ နာဂစ်ဆိုင်ကလုံးဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရတဲ့ ဒေသတခုဖြစ်တဲ့ ဘိုကလေးမြို့မှာ ပြည့်တန်ဆာခန်းတွေ ပိုများလာတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြည့်တန်ဆာအလုပ်ကို လာရောက်လုပ်ကိုင်သူတွေဟာ အနီးအနား ကျေးရွာတွေကဖြစ်ပြီး စီးပွားရေးအဆင်မပြေမှုတွေကြောင့် ဖြစ်တယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

"ဘိုကလေးမှာ တည်းခိုခန်းတော်တော်များများမှာ အဲ့ဒါတွေ လုပ်နေကြတယ်။ တချို့က တောကနေလာရင်းနဲ့ ငွေရှာရင်း ဒီအလုပ်ထဲ ရောက်သွားတဲ့သဘောပါပဲ။ စီးပွားရေးတွေ အဆင်မပြေတော့လေ။"

ဘိုကလေးမြို့မှာ သုံးရပ်ကွက်၊ ငါးရပ်ကွက်နဲ့ မြို့သစ် ရပ်ကွက်ဖြစ်တဲ့ ဖြိုးရပ်ကွက်တို့မှာ ပြည့်တန်ဆာခန်း အများဆုံးရှိတယ်လို့လည်း သူက ဆိုပါတယ်။ ဘိုကလေးအနီးအနားဒေသတွေဖြစ်တဲ့ ဖျာပုံနဲ့ကတုံကနီဒေသတွေမှာလည်း ပြည့်တန်ဆာလုပ်ငန်းတွေ ပိုများလာတယ်လို့ အခြားဒေသခံတွေကဆိုပါတယ်။ လတ်တလောမှာတော့ ဒီဒေသက လူငယ်တွေကို HIV-AIDS နဲ့ ပတ်သက်တဲ့ အသိပညာပေးမှုတွေကို ကိုယ်ထူကိုယ်ထနဲ့သာ ပြောပြနေရပုံလည်း...

"အဲဒီမှာ HIV ပညာပေးလုပ်ငန်း သိပ်မရှိဘူး။ ကျနော်တို့က ပြောပြရင်တောင် တချို့လူငယ်တွေဆိုရင် သရော်တဲ့အပိုင်းတွေမှာပါတယ်။ ဒါပေမယ့် ကျနော်တို့က ပြောစရာရှိတာ သူတို့သိအောင် ပြောပြတယ်။ တချို့က နားဝင်တယ်၊ တချို့က နားမဝင်ဘူး။ နအဖစစ်အုပ်စုအနေနဲ့ အဲဒါတွေကို ပညာပေးအစီအစဉ်တွေလုပ်တာမရှိဘူး"။

ဒါ့အပြင် နာဂစ်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ အန်ဂျီအိုအဖွဲ့အစည်းတွေကလည်း ထိထိရောက်ရောက် ကူညီနိုင်မှု မရှိသေးဘူးလို့လည်း ဘိုကလေးမြို့ခံတွေက ပြောပါတယ်။

# မိတ္ထီလာအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေးတောင်းဆို

**DVB၊ဧပြီလ ၂၆။** ။ မေလ ၂၇ ရက်မှာ နေအိမ်အကျယ်ချုပ်ကျခံနေရတာ ၆ နှစ်ပြည့်တော့မယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ် ဘယ်လိုအကြောင်းပြချက်နဲ့မှ ဆက်လက်ထိန်းသိမ်းခြင်းမလုပ်ဘဲ အမြန်ဆုံးလွှတ်ပေးဖို့ မိတ္ထီလာမြို့နယ် အန်အယ်လ်ဒီက နအဖကကို တောင်းဆိုလိုက်ပါတယ်။

ဒီနေ့ကျင်းပပြုလုပ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ပုံမှန်လပတ်အစည်းအဝေးဆုံးဖြတ်ချက်အဖြစ် ခုလိုတောင်းဆိုလိုက်တာပါ။ မကြာခင် မေလ ၂၈ နေ့မှာ ကျင်းပပြုလုပ်မယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းနဲ့ပြည်နယ် မျက်နှာစုံညီအစည်းအဝေးကနေ ထွက်ပေါ်လာမယ့်ရလဒ်တွေကိုကြည့်ပြီး နအဖအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးမယ်၊ မပေးဘူးဆိုတာမျိုး ဆုံးဖြတ်နိုင်တာကြောင့် ခုလိုတောင်းဆိုခဲ့ရတာဖြစ်တယ်လို့ ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။ ဒီကနေ့ အစည်းအဝေးဆုံးဖြတ်ချက်အပြည့်အစုံကို မိတ္ထီလာမြို့နယ် အန်အယ်လ်ဒီအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"အစည်းအဝေးမှာ တော့ဆုံးဖြတ်ချက် ၃ ခု ချဖြစ်တယ်။ လောလောဆယ် အဖွဲ့ချုပ်ဗဟိုကနေပြီးတော့ ၂၈–၂၉ ရက်နေ့မှာ တိုင်းနဲ့ပြည်နယ်ကိုယ်စားလှယ်တွေရယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ အားလုံးစုံညီတွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးပွဲတရပ် ပြုလုပ်ကျင်းပမယ်ဆိုတော့ အခြေအနေအချိန်အခါအရ လုပ်သင့်လုပ်ထိုက်လို့ စီစဉ်ကျင်းပ ပြုလုပ်ပေးတာနဲ့ ပတ်သက်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ကြိုဆိုထောက်ခံတယ်။ နောက်တချက်ကတော့ ဒီနေ့တံတားမြို့က ဘုရားမှာ ဝတ်ပြုဆုတောင်းတဲ့လူတွေကို ဖမ်းတယ်။ အိမ်မည်းမှာ အစည်းအဝေးဖိတ်တာနဲ့ပတ်သက်ပြီး သွားလာနေတဲ့ ကျမတို့အဖွဲ့ချုပ်ဥက္ကဋ္ဌတွေကို ဧည့်စာရင်းမပေးတာမျိုးတို့၊ အင်္ဂါဘုရားဖူးအဖွဲ့တွေကို ဧည့်စာရင်းမပေးတာမျိုးစဉ်ဆက်မပြတ် ကန့်သတ်ပိတ်ပင်မှု အမျိုးမျိုးအတွက် ကျမတို့ကရှုတ်ချကြောင်း ဆုံးဖြတ်တယ်။"

"နောက်ဆုံးတချက်ကတော့ မေလဆိုလို့ရှိရင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်းထားတာ ၆ နှစ်လည်းပြည့်နေပြီ၊ ဘယ်လိုအကြောင်းပြချက်နဲ့မှကိုထပ်ပြီးတော့မှ တိုးစရာကိုအကြောင်း မရှိသလောက်ဖြစ်နေတဲ့အတွက် ဒီအချိန်မှာ မည်သည့်အကြောင်းပြချက်တစုံတရာမှ မပြဘဲနဲ့ ချွတ်ယွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုကြောင်းဆုံးဖြတ်သည်။"

အန်အယ်ဒီဗဟိုက မေ ၂၈ နဲ့ ၂၉ ရက်မှာ ကျင်းပမယ့် မျက်နှာစုံညီအစည်းအဝေးဟာ ၁၉၉၆ နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပမှာဖြစ်တာကြောင့် ဒီအစည်းအဝေးကနေ လူထုကို ဦးဆောင်နိုင်မယ့် ဆုံးဖြတ်ချက်တွေရဖို့လိုကြောင်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

"ဒီလိုမျိုးမခေါ်နိုင်ခဲ့တာ နှစ်နဲ့ချီ ကြာနေပါပြီ၊ ဂန္ဓီနောက်ပိုင်း ဒေါ်စုခြံထဲမှာ တခါခေါ်ဖူးတယ်။ အဖွဲ့ချုပ်ဗဟိုမှာတော့ မခေါ်ဖူးဘူး။ ကျမတို့ကိုယ်တိုင်လည်း တောင်းနေတယ်၊ ကျမတို့မကဘူး မြို့တော်တော်များများတောင်းပါတယ်၊ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရပါတီတခုအနေနဲ့ အားလုံးလက်ခံပြီးတော့ တရားဝင်ဦးဆောင်ပါတီတခုအနေနဲ့တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်တဲ့အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးရဲ့သဘောထားတွေနဲ့ စုံညီစည်းဝေးမှာ တွေ့ဆုံပြီးတော့မှ ကျမတို့က လိုအပ်တဲ့ဆုံးဖြတ်ချက်တွေ၊ လူထုဦးဆောင်မှုတွေ ပေးစေချင်လို့ ကျမတို့ကတောင်းဆိုခဲ့တာပါ။ တောင်းဆိုခဲ့တဲ့ အတိုင်းလည်း ဖြစ်လာခဲ့တယ်လို့ ပြောလို့ရပါတယ်။ မခေါ်ကို မခေါ်ခဲ့ဖူးတဲ့ အစည်းအဝေးမို့ ဒီအစည်းအဝေးမှာ လူထုကို ဦးဆောင်နိုင်တဲ့ ဆုံးဖြတ်ချက်တွေ၊ ညွှန်ကြားချက်တွေထွက်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီအစည်းအဝေးသွားကြမယ့် လွှတ်တော်ကိုယ်စားလှယ်တွေလည်း တားဆီးမယ်လို့ ကျမတို့မမြင်ဘူး။"

"၂၀၁၀ ရွေးကောက်ပွဲကို အစိုးရက မဖြစ်မနေလုပ်မယ်လို့ တာစူလာတဲ့အချိန်မှာ ဘယ်လိုမှပယ်ဖျက်လို့မရသေးတဲ့ တရားဝင်ပါတီတခု လုပ်ဆောင်ချက်ကိုတော့ ဒီနေ့အနေအထားမှာတော့ တားမယ်လို့တော့ မယုံကြည်ဘူး။ လွတ်လပ်စွာကျမတို့ လုပ်ခွင့်ရမယ်လို့ထင်တယ်။ အဲဒီအစည်းအဝေးပေါ်မှာ မူတည်ပြီးတော့မှပဲ ဒေါ်စုအပေါ်မှာ သက်ရောက်လာမယ်လို့လည်း ကျမတို့က ထင်နေတယ်။"

### မျက်နှာဖုံးမှ

ကြိုးစားတာပါ။ ဘာဘဲဖြစ်ဖြစ် ကျနော်တို့က ပြည်သူလူထုဆန္ဒကိုတော့ အမြဲတမ်းလေးစားနေမှာပါဘဲ။"

အရင်တုန်းကအစည်းအဝေးမှာတော့ အာဏာပိုင်တွေဘက်ကဝင်ပြီးတော့ နှောင်ယှက်တာမျိုးတွေ၊ ဖမ်းတာဆီးတာမျိုးတွေရှိခဲ့တယ်။ အခုအထိတော့ ကျနော်တို့သိသလောက် လုံခြုံရေးတွေချထားတယ်လို့တော့ကြားရတယ်။ ချောချောမွေ့မွေ့ကျင်းပနိုင်မယ်လို့ထင်ပါသလား။

"မျှော်လင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက အစည်းအဝေး မစခင်ကတည်းကိုက အရေးကြီးတဲ့ပုဂ္ဂိုလ်တွေကိုခေါ်ပြီး ထိန်းသိမ်းထားလိုက်တာတွေရှိတာကိုး၊ အခုဟာကတော့ ဒီကနေ့ဆိုရင် ဒါက အကြိုအနေနဲ့တွက်မယ်ဆိုရင် ၂ ရက်မြောက်နေ့လို့ပြောလို့ရပါတယ်။ ဒီကနေ့အထိ သူတို့ဘာမှအနှောင့်အယှက်ပြုတာတော့မရှိပါဘူး။ စောင့်ကြည့်တာလောက်တော့ရှိတာပေါ့။"

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တွေရော ဘယ်လောက်အထိပါဝင်တက်ရောက်နိုင်ပါသလဲ။ အထူးသဖြင့် ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်လောက်အထိပါဝင်နိုင်ပါသလဲခင်ဗျ။

အဲဒီစာရင်းဇယားကတော့ အဖွဲ့ချုပ်ရုံးကကိုင်တဲ့သူဘဲသိမယ်။ ကျနော်ခန့်မှန်းသလောက်ဆိုရင် ၉၀ ဝန်ကျင်းလောက်ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါမယ်လို့ထင်ပါတယ်။ ကျန်တာကတော့ တိုင်းနဲ့ပြည်နယ်ပေါ့။ အားလုံး ၁၅၀ ပတ်ဝန်းကျင်လောက်တော့ရှိပါလိမ့်မယ်။"

ကျောက်တန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းဖြစ်ပါတယ်။

# နအဖ၏ ပစ်ခတ်မှုကြောင့် ထိုင်း ၃ ဦးဒဏ်ရာရ

**DVB၊ဧပြီလ ၂၇။** ။ ထိုင်း–မြန်မာနယ်စပ်မှာ ဒီကေဘီအေ (တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်)ရဲ့ ပစ်ခတ်မှုကြောင့် ထိုင်းစစ်သား ၂ ဦး ဒဏ်ရာရပြီး နအဖစစ်အုပ်စုရဲ့ စစ်တပ်က လက်နက်ကြီးနဲ့ပစ်ခတ်လို့ ထိုင်းနိုင်ငံဘက်ကို ကျည်သင့်ပြီး ထိုင်းရွာသားတဦး ဒဏ်ရာရပါတယ်။

ဒီမနက်/ မနေ့မနက် ၁၀ နာရီကျော်မှာ ထိုင်းနိုင်ငံဘက်ခြမ်း တပ်ခ်ခရိုင်ဖို့ဖမြို့နယ်ထဲဝင်ရောက်တဲ့ ဒီကေဘီအေတပ်နဲ့ ကင်းလှည့်လာတဲ့ ထိုင်းစစ်တပ်ရင်ဆိုင်တွေ့ရာမှာ ဒီကေဘီအေတပ်ဖွဲ့ဝင် တွေက သေနတ်နဲ့ပစ်ခတ်လို့ ထိုင်းစစ်သား ၂ နှစ်ဦး ကျည်သင့်ဒဏ်ရာရသွားတယ်လို့ ဖို့ဖမြို့နယ် ဖဒီးရွာသားတဦးက ပြောပါတယ်။ တဦးက ရင်ဘတ်မှာ ကျည်သင့်ပြီး နောက်တဦးက လက်ကိုထိတာပါ။ အဲဒီနောက် နအဖစစ်တပ်က လက်နက်ကြီးနဲ့ ပစ်ခတ်လို့ ဖဒီးရွာထဲကို လက်နက်ကြီး ကျည် ၄ လုံးကျတာ အိမ် ၂ လုံး ပျက်စီးသွားပြီး ရွာသား ၁ ဦး ဒဏ်ရာရတယ်လို့ အဲဒီရွာသားက ပြောပါတယ်။

ထိုင်းစစ်တပ်က ပြန်လှန်ပစ်ခတ်ရာမှာ ဒီကေဘီအေတပ်တွေ မြန်မာနိုင်ငံဘက်ခြမ်းကို ပြန်လည်တိမ်းရှောင် သွားတယ်လို့ဆိုပါတယ်။ ဒီကေဘီအေတပ်ဟာ မြန်မာ နအဖစစ်တပ်နဲ့ ပူးပေါင်း ပြီး ဖို့ဖမြို့နယ်တဘက်ခြမ်း ကရင်ပြည်နယ်ထဲရှိ ကေအန်အယ်လ်အေ ကရင်အ မျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်ရင်း ၂၀၁ ရဲ့ ဝေါ်လေခီးစခန်းကို တိုက်ခိုက်ဖို့ထိုင်းနယ်မြေဘက်က ပတ်ပြီးဝင်တာလို့ ဖဒီးရွာသားက ပြောပါတယ်။ ထိုင်းရွာသားတွေ ဖဒီးရွာထဲမှာ မနေရဲကြတော့လို့ ဘေးကင်းရာကို ထိုင်းစစ် တပ်က ပြောင်းရွှေ့နေရာချထားပေးပါတယ်။ ဒဏ်ရာရတဲ့ ထိုင်းစစ်သား ၂ ဦးကို ဖို့ဖမြို့နယ်ဆေးရုံကတဆင့် မဲဆောက်မြို့နယ်ဆေးရုံကို ရောက်လာတာတွေ့တယ်လို့ မဲဆောက်ဒေသခံတဦးက ပြောပါတယ်။

# မတရားအသင်းကြေညာခြင်းမှာ တရားမဝင်ဟု ရှေ့နေများကောင်စီတုန့်ပြန်

**Mizzima ၊ မေလ ၂။** ။ မြန်မာနိုင်ငံရှေ့နေများကောင်စီ Burma Lawyer's Council-BLC ကိုစစ်အစိုးရက မတရားအသင်းကြေညာခြင်းမှာ နိုင်ငံတကာဥပဒေအရသာမက ပြည်တွင်းဥပဒေဖြင့်ပင် တရားမဝင်ဟု BLC က ပြောဆိုလိုက်ပါတယ်။

မြန်မာစစ်အစိုးရက ဧပြီလ ၃၀ ရက်နေ့က BLC ကိုမတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ မတရားအသင်းအဖြစ် BLC နှင့်ဆက်နွယ်သည့်အသင်းအဖွဲ့များကို မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်ခွဲ–၂ ပါအဓိပ္ပါယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်းကြေညာခဲ့သည်။ "၁၉၀၈ ခုနှစ် မတရားအသင်းဥပဒေဆိုတာက တရားဝင်အစိုးရတရပ်ကသာ ကြေညာခွင့်ရှိတာဖြစ်တယ်။ သူ့ရဲ့ သမတ ကကြေညာရမှာဖြစ်တယ်။ အခုကြေညာတဲ့အဖွဲ့အစည်းက တရားဝင်အဖွဲ့လည်းမဟုတ်ဘူး၊ သမတ လည်းမဟုတ်ဘူး။ ဥက္ကဌဆိုတဲ့ပုဂ္ဂိုလ်ကကြေညာတာ။ အတိအလင်းပြောရမယ်ဆိုရင်တော့ တရားမဝင်အာဏာသိမ်းထားတဲ့ စစ်ကောင်စီတရပ်ကနေပြီး တရားဝင်အစိုးရနဲ့တရားဝင် သမတ ကသာကြေညာခွင့်ရှိတဲ့ ရှိသင့်တဲ့ ရှိရမယ့်ဟာကို ဆန့်ကျင်ပြီး ကြေညာတာဟာ ဥပဒေနဲ့ဆန့်ကျင်တယ်။"ဟု BLC အတွင်းရေးမှူးဦးအောင်ထူးကပြောပါတယ်။

မတရားအသင်းဥပဒေပုဒ်မ ၁၆ မှာ သမတ ကကြေညာခွင့်ရှိသော်လည်း ပုဒ်မ ၁၅(၂) မှာ ပြဌာန်းထားသည့် အသင်းဝင်များအကြမ်းဖက်မှုကျူးလွန်ခြင်း၊ ခြိမ်းခြောက်မှုကျူးလွန်သည့်ပုဂ္ဂိုလ်များကို အားပေးခြင်းများကို လုပ်ဆောင်နေမှသာ မတရားအသင်းအဖြစ်ကြေညာနိုင်သည်။ အကြမ်းဖက်မှုကိစ္စများမကျူးလွန်ဘဲ ဥပဒေကိစ္စများကိုသာလုပ်ကိုင်နေသည့်အဖွဲ့ကို မတရားအသင်းကြေညာခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ကြောင်း ထောက်ပြပြောဆိုသွားသည်။

ကရင်ပြည်နယ်၊ မာနယ်ပလောလွတ်မြောက်နယ်မြေတွင် ၁၉၉၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံရှေ့နေများကောင်စီသည် စစ်အစိုးရ၏ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို မတရားအသင်းဥပဒေ ၁၅(၂) တွင် ပြဌာန်းချက်အရ အကြမ်းဖက်မှုကျူးလွန်နေသည်ကိုတွေ့ရှိရကြောင်း၊ တရားဥပဒေအရ တရားဝင်ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ခြင်းကြောင့် မတရားအသင်းအဖြစ် ကြေညာသင့်ကြောင်း ထုတ်ပြန်ထားသည်။

ယင်းအပြင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များကို တရားဝင်အသင်းအဖြစ် ပြန်လည်ကူးပြောင်းခြင်းမရှိဘဲ စစ်အစိုးရနှင့်ရပ်တည်လှုပ်ရှားနေပြီး တရားဝင်အသင်းပုံစံရပ်တည်လှုပ်ရှားနေခြင်းကလည်း ဥပဒေစိုးမိုးရေးနှင့်ဆန့်ကျင်နေကြောင်း ထုတ်ဖော်ပြောကြားထားသည်။ မြန်မာနိုင်ငံတွင်လက်နက်အားကိုးခြင်းမလုပ်ဘဲ ငြိမ်းချမ်းတည်ငြိမ်မှုရှိရေးမှာတရားဥပဒေစိုးမိုးရေးမှာ တခုတည်းသောနည်းလမ်းဖြစ်ကြောင်း BLC အတွင်းရေးမှူးက အခုလိုပြောပါတယ်။

"မြန်မာနိုင်ငံတွင်းမှာဖြစ်နေတဲ့ နိုင်ငံတကာအဆင့်အရေးယူဆောင်ရွက်ရမယ့် International Crime ၊ အဲဒီပုဂ္ဂိုလ်တွေ စစ်ခေါင်းဆောင်တွေကို နိုင်ငံတကာတရားရုံးမှာတင်လို့ရနိုင်တဲ့အထိဖြစ်လာအောင် အဓိကကြိုးပမ်းနေတဲ့အဖွဲ့အစည်းတခုအဖြစ်နဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီကို အခုလိုလုပ်ဆောင်နေမှုတွေ အရှိန်ရလာတဲ့ကာလမှာ အခုလိုလုပ်တာဖြစ်ပါတယ်"။

ယင်းကြေညာချက်ကြောင့် ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်နေသော ပူးပေါင်းဆောင်ရွက်ရန်လုပ်ဆောင်နေသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကိုပါ ခြိမ်းခြောက်နေသော သဘောသက်ရောက်နေသည်ဟုဆိုပါတယ်။ စစ်အစိုးရကြေညာချက်မှာ မြန်မာနိုင်ငံရှေ့နေများကောင်စီသာမက ၎င်းနှင့်တွဲဖက်ဆောင်ရွက်နေသည့်အဖွဲ့များကိုလည်း မတရားအသင်းအဖြစ်ကြေညာခဲ့သည်။

"မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဆက်နွယ်နေရုံနဲ့ မတရားအသင်းကြေညာရမယ်ဆိုတာက မြန်မာနိုင်ငံသမိုင်းမှာ ရှိကိုမရှိဖူးဘူး။ ဥပဒေထဲမှာလည်း လုံးဝမရှိဘူး။ ဒီလိုမျိုးလုပ်ဆောင်ချက်က လုံးဝမသင့်တဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ဆန့်ကျင်မှုမျိုးလို့ဘဲပြောချင်တယ်။"ဟု BLC ကပြောပါတယ်။ စစ်အစိုးရအနေဖြင့် နိုင်ငံတကာလှုပ်ရှားမှုများပေါ်လာပြီး ဥပဒေစိုးမိုးရေးလုပ်ဆောင်လာကာ စစ်ရာဇဝတ်မှုများပေါ်ပေါက်လာအောင် တရားစွဲဆိုများပေါ်ပေါက်လာမည်ကို စိုးရိမ်နေကြောင်းလည်း BLC ပြောဆိုလိုက်ပါတယ်။

# ရွှေဂုံတိုင်ကြေညာချက် သံဃာတော်များ နဲ့ကျောင်းသားထောက်ခံ

**RFA ၊ မေလ ၁။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ရဲ့ ရွှေဂုံတိုင်ကြေညာချက်အ ပေါ် ရဟန်းပျိုသမဂ္ဂနဲ့သံဃာ့သမဂ္ဂိတို့ပူးပေါင်းထားတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ ၈၈ မျိုးဆက်သစ်ကျောင်းသားများနဲ့ ဗကသ များအဖွဲ့ချုပ်တို့ပူးပေါင်းပြီး သူတို့ရဲ့သဘောထားကို ဒီကနေ့မေလ ၁ ရက်မှာ ထုတ်ပြန်ကြေညာကြပါတယ်။

အဲဒီကြေညာချက်မှာ မြန်မာ့နိုင်ငံရေးပြဿနာတွေကို အမှန်တကယ်ဖြေရှင်းနိုင်မယ့်အချက်တွေကို NLD ကတောင်းဆိုတဲ့အတွက် သူတို့အနေနဲ့ထောက်ခံကြောင်း၊ စစ်အစိုးရအနေနဲ့လည်း မဖြစ်မနေလိုက်လျောသင့်ကြောင်း၊ ပြည်သူ့အကျိုးစီးပွားရေးရှုသူမှန်သမျှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွှေဂုံတိုင်ကြေညာချက်အတိုင်း လိုက်ပါအကောင်အထည်ဖော်သင့်ကြောင်း တိုက်တွန်းရေးသားထားပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်တွင်းမှာတိမ်းရှောင်နေတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးရဲ့ ပြောခွင့်ရဆရာတော် ဦးပညာဝံသက အခုလိုမိန့်ကြားပါတယ်။ "ကြေညာချက်နဲ့ပတ်သက်လို့ကတော့ ဦးဇင်းတို့ဒီမိုကရေစီပန်းတိုင်ကိုရောက်အောင်လှမ်းနေတဲ့အခါမှာ လူထုကထောက်ခံဘို့လိုတယ်။ လူထုကအားပေးပံ့ပိုးပေးဘို့လိုတယ်။ ဒါကြောင့်မို့လို့ လူထုကပံ့ပိုးပေးကြပါ၊ ထောက်ခံပေးကြပါပေါ့။ အဲဒါ လူထုအားနဲ့သာလျှင် ညီညွတ်ခြင်းအားနဲ့သာလျှင် ဒီမိုကရေစီကိုရနိုင်မှာမို့လို့ဘဲ။ ဒါကြောင့်မို့ ဦးဇင်းတို့က လူထုကိုထောက်ခံပေးကြပါ။ ဝိုင်းဝန်းပံ့ပိုးပေးကြပါ။ အားပေးကူညီကြပါလို့ ဦးဇင်းတို့ကတိုက်တွန်းနှိုးဆော်တယ်။ သံဃာထုကလည်း လုပ်နိုင်တဲ့အနေအထားကနေပြီးတော့ ကူညီပေးနေတယ်။ ပံ့ပိုးပေးနေတယ်။ ဒကာ ဒကာမတွေကိုလက်လှမ်းမီရာ စည်းရုံးပေးတယ်။ နှိုးဆော်ပေးတယ်။"

အဲဒီအပြင် စစ်အစိုးရဖမ်းမိန့်ထုတ်ထားလို့ တိမ်ရှောင်နေရတဲ့ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ရဲ့ခေါင်းဆောင်တဦးဖြစ်တဲ့ ကိုထွန်းမြင့်အောင်ကလည်း အခုလိုပြောပါတယ်။

"ကျနော်တို့တိုင်းပြည် ဒီနေ့ရင်ဆိုင်နေရတဲ့ပြဿနာတွေကနေပြီးတော့ ငြိမ်းချမ်းစွာပြေလည်လွှန်မြောက်နိုင်ရေးအတွက် မဖြစ်မနေ နအဖစစ်အုပ်စုကဆောင်ရွက်ပေးရမယ့် ဆောင်ရွက်ပေးနိုင်တဲ့ကိစ္စတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေပြီးတော့ လူထုကိုယ်စားတောင်းဆိုထားတာတွေ့ရတယ်။ ဒါကြောင့်မို့ ဒါဟာ ကျနော်တို့တိုင်းပြည်ရဲ့ပြဿနာတွေကို အမှန်တကယ်ပြေလည်စေပြီးလက်တွေ့ကျတဲ့လုပ်ငန်းစဉ်တွေ၊ တောင်းဆိုချက်တွေဖြစ်တဲ့အတွက်ကြောင့် ကျနော်တို့ ၈၈ မျိုးဆက်ကျောင်းသားများအပါအဝင် ကျနော်တို့ရဲ့မဟာမိတ်အဖွဲ့အစည်းတွေကနေပြီးတော့ နအဖ စစ်အစိုးရကို တိုက်တွန်းခြင်းဖြစ်ပါတယ်။ နောက်တချက်က ပြည်သူလူထုတရပ်လုံးအနေနဲ့ကလည်း တခဲနက်ဝိုင်းဝန်းထောက်ခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြဘို့ကိုလည်း ပြည်သူလူထုကြီးကိုကျနော်တို့က တိုက်တွန်းချင်တာပါ။"

ဒီမိုကရေစီရေးအတွက် ပြည်တွင်းမြေအောက်လှုပ်ရှားမှုကို ဦးဆောင်နေကြတဲ့သံဃာနဲ့ကျောင်းသားခေါင်းဆောင်တွေရဲ့ဒီကြေညာချက်မှာ စစ်အုပ်စုအနေနဲ့ NLD ရဲ့တောင်းဆိုချက်တွေကို လျစ်လျူရှုမယ်ဆိုရင် နောင်ဖြစ်ပေါ်လာမယ့် ဆိုးကျိုးမှန်သမျှဟာ နအဖရဲ့တာဝန်သာဖြစ်တယ်လို့ သတိပေးထားပါတယ်။

# အဖွဲ့ချုပ် ခေါင်းဆောင်ပိုင်း ပြောင်းလဲရန် ပြည်နယ်နှင့်တိုင်း အချို့က တောင်းဆို

**DVB | ဧပြီ ၃၀ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ပိုင်း အပြောင်းအလဲလုပ်သင့် မသင့် အငြင်းပွားမှု ပေါ်ပေါက်တယ်လို့ အဖွဲ့ချုပ် ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်လှက ပြောကြားပါတယ်။

ပါတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး လူပြောင်းလဲဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကိုယ်စား ဦးမြတ်လှက ပြီးခဲ့တဲ့ ပါတီ စုံညီညီနိုင်းအစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။ "ဒေါ်အောင်ဆန်းစုကြည်လည်း ဖမ်းလိုက်တော့ ဦးအောင်ရွှေတို့လည်းတက်လာရော အန်အယ်လ်ဒီရဲ့ကျဆုံးခန်းလည်းရောက်သွားတယ်" လို့ ဦးမြတ်လှကပြောပြီး ဒီလိုကျဆုံးခန်းရောက်တာဟာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ အပါအဝင် ခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်လို့ ဆိုပါတယ်။

"တာဝန်ရှိတဲ့အတွက်ကြောင့်မို့လို့ ဖယ်ပေးပါ၊ နံပါတ်တစ် – တိုင်းပြည်ကို ဒီမိုကရေစီနိုင်ငံကြီးတည်ထောင်မယ်လို့ ပြောထားပါရက်နဲ့ မတည်ဆောက်နိုင်ဘဲနဲ့ အန်အယ်လ်ဒီအဖွဲ့ကြီးဟာ ကျဆုံးရတယ်။ နောက် ဒုတိယတချက်က စီအီးစီသည် ဒီလို အရည်အချင်းမရှိတဲ့လူတွေ ပေါင်းစည်းပြီးတော့နေတယ်။ အဖိုးကြီးတွေပေါင်းစည်းပြီးတော့နေတဲ့အတွက်ကြောင့်မို့လို့ တိုးတက်တဲ့ အိုင်ဒီယာတွေမရှိဘဲနဲ့ ဆုတ်ယုတ်တဲ့ အိုင်ဒီယာတွေနဲ့ ပေါင်းစပ်ပါထားတဲ့အတွက်ကြောင့်မို့လို့ စီအီးစီမှာ တာဝန်ရှိတယ်။ အဲဒီ စီအီးစီထဲမှာမှ အထူးသဖြင့်ဥက္ကဋ္ဌဖြစ်တဲ့ ဦးအောင်ရွှေနဲ့ အတွင်းရေးမှူးဖြစ်တဲ့ ဦးလွင်တို့က တာဝန်ရှိတယ်ဆိုတဲ့ အဲဒီအချက်နှစ်ချက်ပေါ်မှာမူတည်ပြီးတော့ အမတ်တွေက မကျေနပ်ကြတာပဲ။"

ဒီလိုတင်ပြခွင့်ရှိတာမှန်ပေမယ့် ဒီအစည်းဝေးဟာ အဲဒီကိစ္စအတွက် ခေါ်တဲ့အစည်းအဝေးမဟုတ်ဘူးလို့ ပါတီပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောကြားပါတယ်။ ခေါင်းဆောင် ၂ ဦးနုတ်ထွက်ပေးဖို့ တောင်းဆိုစာတစောင်ကို ဦးမြတ်လှက တင်ပြကြောင်း၊ အဲဒီစာမှာ ပြည်နယ်နဲ့ တိုင်း ၇ ခုက လူ ၂၀ ကျော်ကလက်မှတ်ထိုးထားတာတွေ့ရပြီး အဲဒီ ပုဂ္ဂိုလ်အတော်များများဟာ ဒီအစည်းအဝေးကို တက်ရောက်ခွင့်မရှိတဲ့လူတွေ အများစုဖြစ်တယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒီလိုတောင်းဆိုခွင့်ရှိတာမှန်ပေမယ့် "ဒီအစည်းအဝေးက အဲဒါကို ဆုံးဖြတ်နိုင်တဲ့ အစည်းအဝေးမဟုတ်သလို ဒီအစည်းအဝေးမှာလည်း ဒီဟာ တင်ပြခွင့်မရှိဘူး" လို့ ဗဟိုကော်မတီဝင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြန်လည်ရှင်းလင်းတယ်လို့ဆိုပါတယ်။

"ဒီအစည်းဝေးကလည်း ဒါမျိုးဆုံးဖြတ်ဖို့ လုပ်တဲ့အစည်းအဝေးလည်း မဟုတ်တဲ့အတွက် ဒီအစည်းအဝေးမှာ တင်တာကိုတော့ လက်မခံဘူးလို့ အဲဒီလိုရှင်းပြပါတယ်" ဦးမြတ်လှကတော့ နအဖစစ်အုပ်စုဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူထောက်ခံတယ်လို့ ပြောထားတာကြောင့် ပြန်ပြင်ပါလို့ တောင်းဆိုနေတာဟာ အချိန်ဖြုန်းတာပဲလို့ ဝေဖန်ပြီး လူထုတိုက်ပွဲကိုဖော်သင့်တယ်လို့ ပြောပါတယ်။ "မဆွေးနွေးမယ့်လူကို ဆွေးနွေးမယ် ဟိုဒင်းဖြစ်မယ်ဆိုတာ တဆာဆာတောင်းနေတာကတော့ အချည်းနှီးအချိန်ကုန်တာပဲလို့ ဘဘကတော့ထင်တယ်ကွယ်၊ ဘဘတို့က ဘယ်လိုဖြစ်စေချင်တာလဲဆိုတဲ့ခါကျတော့ ကဲဒါတွေကို ဘယ်လိုလုပ်မလဲ၊ တိုက်ပွဲပုံသဏ္ဌာန်နဲ့ ဘယ်လိုဖော် သင့်သလဲဆိုတာ–အခု နဝတအကြောက်ဆုံးကဘာလဲ၊ ပြည်သူကိုအကြောက်ဆုံးပဲ၊ အဲဒီတော့ ပြည်သူကိုစည်းရုံးနိုင်တာဟာ အန်အယ်လ်ဒီဟာ ယနေ့ ပြည်သူကိုစည်းရုံးပြီးတဲ့အခါကျတော့ 'လာကြပေတော့၊ တို့ပြည်သူတိုက်ပွဲပေါ့၊ Mass Struggle ဝင်တော့မယ်' လို့ ဒီဆုံးဖြတ်ခြင်းသည် ဘဘအမြင်တော့ အမှန်ကန်ဆုံးလက်နက်ပဲလို့ ဘဘတော့ အဲလိုပဲမြင်တယ်။"

## ရွှေ့ပြောင်းအလုပ်သမားများ မေဒေးနေ့သွေးလှူဒါန်း

**NMG | မေလ ၁ ။** ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရာနှင့်ချီသောမြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ဘန်ကောက်မြို့ ဗဟိုသွေးလှူဘဏ်တွင် စုပေါင်း၍သွေးလှူခဲ့ကြသည်။

မြန်မာနိုင်ငံသားများသည် ထိုင်းနှင့်မြန်မာအလုပ်သမားများအကြား အပြန်အလှန်နားလည်မှုရှိစေရန်ရည်ရွယ်ကာ လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း ၁၀၀ ကျော်ရှိသည်ဟု ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ကိုအောင်မြင့်သိန်းကပြောပါတယ်။ "အဲဒီနေ့မှာ ကျနော်တို့ထိုင်းနိုင်ငံမှာ အကြောင်းအမျိုးမျိုးနဲ့ရောက်လာပြီး အလုပ်လုပ်နေကြတဲ့ ဗမာပြည်သားတော်အနေနဲ့ အလုပ်သမားနေ့ကိုအသိအမှတ်ပြုတယ်။ ပြီးရင် ထိုင်းနိုင်ငံထဲမှာ နေပေမယ့်လည်း ကိုယ့်တတ်နိုင်သလောက် ဗမာပြည်သားတွေ သဒ္ဒါတရားရက်ရောတဲ့အကြောင်းရယ် အထူးသဖြင့် ထိုင်းအလုပ်သမားနဲ့ဗမာအလုပ်သမားတွေကြားမှာ အပြန်အလှန်နားလည်ဘို့ရည်ရွယ်ချက်နဲ့ ကျနော်တို့ မေဒေးနေ့မှာသွေးလှူရခြင်းဖြစ်ပါတယ်။ သွေးလှူတဲ့လူကအယောက် ၁၀၀ ကျော်တယ်။ ကားနှစ်စီးဆိုတော့ ပထမတစီးမှာအယောက် ၈၀ ကျော်၊ နောက်တစီးမှာ အယောက် ၇၀ လောက်ရှိတယ်၊ အားလုံး ၁၀၀ ကျော်တယ်။"

ယနေ့ သွေးလှူပွဲကိုရောင်ခြည်ဦးအလုပ်သမားအဖွဲ့ကဦးဆောင်၍ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အလှူဒါနများစွာရှိသည့်အနက် သွေးလှူခြင်းသည် မွန်မြတ်သည့် အလုပ်တခုဖြစ်ပြီး မိမိသွေးဖြင့်သူတပါးအသက်ကို ကယ်ဆယ်နိုင်သည့်အတွက် ဝမ်းသာဂုဏ်ယူမိသည်ဟု သွေးလှူဒါန်းခဲ့သူအမျိုးသမီးတဦးကလည်း အခုလိုပြောပါတယ်။

"သွေးလှူတယ်ဆိုတာ တခြားအလှူတွေထက်ကိုမွန်မြတ်ပါတယ်။ ဒီလိုသွေးလှူရတဲ့အတွက် အရမ်းကြည်နူးမိတယ်။ ပျော်လည်းပျော်တယ်။ ကိုယ့်သွေးနဲ့ သူများအသက်ကိုကယ်နိုင်တဲ့အတွက်ပေါ့နော်။"

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် အခြား အခါကြီးရက်ကြီးများတွင် သွေးလှူဒါန်းမှုရှိခဲ့သော်လည်း မေဒေးနေ့အထိမ်းအမှတ်အဖြစ် သွေးလှူဒါန်းမှုသည် ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖြစ်သည်ဟု ကိုအောင်မြင့်သိန်းကပြောပါတယ်။

## ချင်းအဖွဲ့ချုပ်က ဗဟိုဆုံးဖြတ်ချက်ကို ထောက်ခံ

**DVB | ဧပြီ ၂၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှာ ကျင်းပတဲ့ တိုင်းနဲ့ပြည်နယ် စုံညီအစည်းအဝေးကို ချင်းပြည်နယ်အဖွဲ့ချုပ်အနေနဲ့ တက်ရောက်နိုင်ခြင်းမရှိပေမယ့် ဆုံးဖြတ်ချက်အားလုံးကို ထောက်ခံကြောင်း ကြေညာလိုက်ပါတယ်။

အစည်းအဝေးလာရောက်ဖို့ ဖိတ်ကြားစာ နောက်ကျတာကတကြောင်း၊ ပြည်နယ်အတွင်းက အဖွဲ့ချုပ်ပါတီဝင်တွေရဲ့ သဘောထားကို ရသလောက် မေးမြန်းနေရတာတကြောင်းကြောင့် ဗဟိုအစည်းအဝေးကို တက်ရောက်ဖို့ အချိန်မမီတော့တာဖြစ်တယ်လို့ဆိုပါတယ်။ ဗဟိုကဖိတ်စာရရချင်း ချင်းပြည်နယ်အဖွဲ့ချုပ်ဝင်တွေရဲ့ သဘောထားက ၂၀၁၀ ရွေးကောက်ပွဲမဝင်ဖို့ ဖြစ်ကြောင်း ပြည်နယ်တွဲဘက်အတွင်းရေးမှူး ပူးဂုက်ချွန်းက ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟို စုံညီအစည်းအဝေးဆုံးဖြတ်ချက်ကိုလည်း ချင်းပြည်နယ်အဖွဲ့ချုပ်ဝင်တွေက ချွင်းချက်မရှိ ထောက်ခံကြောင်း ပူးဂုက်ချွန်းကပဲ ပြောပါတယ်။

"ဦးတင်ဦး ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးပြီးမှ အတည်ပြုထားတဲ့အခြေခံဥပဒေကို ပြင်ဆင်ပေးလို့ရှိရင် ကျနော်တို့ ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့အချက်ကိုတော့ ကျနော်တို့ အပြည့်အဝထောက်ခံပါတယ်။ ချင်းပြည်နယ်အနေနဲ့လည်း ဗဟိုလမ်းညွှန်ချက်အတိုင်းပဲ လှုပ်ရှားတယ်၊ ရှေ့လည်း ဒီအတိုင်းပဲ လှုပ်ရှားမယ်။"

ချင်းပြည်နယ်မှာ အဖွဲ့ချုပ်ဝင်တွေရဲ့ လှုပ်ရှားမှုကို အာဏာပိုင်တွေက အနီးကပ် ကန့်သတ်ထားတဲ့အတွက် ပြည်နယ်လုံးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ဆောင်ခွင့်မရပါဘူး။ ဒါပေမယ့် ပြည်နယ်အဖွဲ့ချုပ် ပါတီဝင်တွေအချင်းချင်း အမြဲတမ်းဆက်သွယ်ပြီး ဗဟိုနဲ့ဟန်ချက်ညီအောင် လှုပ်ရှားနေကြောင်း သိရပါတယ်။

# ဝက်တုပ်ကွေး ကမ္ဘာတဝန်းလုံးကို ကူးစက်ပျံ့နှံ့မည့်ဘေး အထူးစိုးရိမ်ရ

**DVB၊ ဧပြီလ ၃၀။** ။ လူအချင်းချင်းကူးစက်ပြီး သေစေနိုင်တဲ့ ဝက်တုပ်ကွေးရောဂါဟာ ကမ္ဘာတဝန်းကို ပျံ့နှံ့လုနီးပါး စိုးရိမ်ရတဲ့စိုးရိမ်မှုတ် အဆင့်ငါးကို ရောက်နေပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က သတိပေးပါတယ်။

အဆင့်လေးကနေ တိုးမြှင့်လိုက်တာဖြစ်ပြီး အစိုးရိမ်ရဆုံးက အဆင့်ခြောက်ပါ။ ဒီရောဂါကို ရင်ဆိုင်ဖို့ နိုင်ငံအားလုံးနေရာအနှံ့မှာ အဆင်သင့်ပြင်ဆင်ထားဖို့ WHO ညွှန်ကြားရေးမှူး မာဂရက်ချမ်းက တိုက်တွန်းပြောကြားပါတယ်။ ရောဂါတွေ့ရှိကြောင်း စတင်ကြေညာတဲ့ မက်ဆီကိုမှာ ဒီရောဂါကြောင့် ၈ ဦးသေဆုံးသွားပြီဖြစ်ပြီး နောက်ထပ်သေဆုံးသူ ၁၅၁ ဦးဟာလည်း ဒီရောဂါကြောင့်ဖြစ်နိုင်ကြောင်း သံသယရှိတယ်လို့ ဆိုပါတယ်။ လူ ၃,၀၀၀ နီးပါး ရောဂါရှိနေပြီလို့ သံသယဖြစ်နေပြီး ၁,၀၀၀ ကျော်က စိုးရိမ်ရတယ်လို့ မက်ဆီကိုအစိုးရက ပြောပါတယ်။ မက်ဆီကို စီတီးမှာ လူအသွားအလာ တိတ်ဆိတ်နေပြီး ကျောင်းတွေပိတ်ထားပါတယ်။ မိဘတွေက သူတို့ကလေးတွေကို လုပ်ငန်းခွင်ကို ခေါ်သွားကြပါတယ်။ မက်စီကိုနိုင်ငံကနေ ဆေးကုဖို့သွားသူတဦးလည်း အမေရိကန်နိုင်ငံမှာ ဝက်တုပ်ကွေးကြောင့် သေဆုံးသွားပါတယ်။ မနေ့ကအထိ WHO က အတည်ပြုထားတဲ့ ရောဂါဖြစ်ပွားတဲ့နိုင်ငံစာရင်းမှာ ၉ နိုင်ငံရှိပါတယ်။

မက်စီကို၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြီးယား၊ ကနေဒါ၊ ဂျာမနီ၊ အစ္စရေး၊ နယူးဇီလန်၊ စပိန်နဲ့ ယူနိုက်တက်ကင်းဒမ်းတို့ပါ။ အမေရိကန်နဲ့ မက်စီကိုနိုင်ငံကလွဲရင် ကျန်နိုင်ငံတွေမှာ ဒီရောဂါကြောင့်သေသူ မရှိသေးဘူးလို့ဆိုပါတယ်။ WHO က ပုံမှန်ခရီးသွားလာမှုတွေနဲ့ နယ်စပ်တွေကို မပိတ်ပင်ဖို့အကြံပြုထားပါတယ်။ ကောင်းကောင်းချက်ပြုတ်ထားတဲ့ ဝက်သားနဲ့ ဝက်သားထွက်ပစ္စည်းတွေကိုစားသုံးရင် ဘေးအန္တရာယ်မဖြစ်နိုင်ပါဘူးလို့ ကြေညာထားပြီး လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးကြောဖို့ အကြံပြုထားပါတယ်။

တုပ်ကွေး အဖျားမြင့်လာရင် ကျန်းမာရေးစောင့်ရှောက်ကုသမှုခံယူကြဖို့လည်း တိုက်တွန်းထားပါတယ်။ ဝက်တုပ်ကွေးရောဂါကို ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ထားပါလို့ အာဆီယံနိုင်ငံတွေကို အာဆီယံညွှန်ကြားရေးမှူးချုပ်က သတိပေးလိုက်ပြီး မေလဆန်းမှာ အရေးပေါ်အစည်းအဝေးကျင်းပမယ်လို့ ပြောကြားပါတယ်။

မြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနက ဝက်တုပ်ကွေးနဲ့ပတ်သက်လို့ တိုင်းနဲ့ပြည်နယ် ဦးစီးမှူးတွေကို ဆင့်ခေါ်ပြီး နေပြည်တော်မှာ အစည်းအဝေးလုပ်တယ်လို့ အစည်းအဝေးတက်ရောက်သူတဦးက ပြောပါတယ်။ ဆေးကုသရေးဌာန ဒုတိယညွှန်ချုပ်ကို မေးမြန်းရာမှာ ပြောပိုင်ခွင့် မရှိဘူးလို့ ပြောဆိုကြောင်း သိရှိရပါတယ်။

## သာသနာ့အလံနဲ့ အောင်သပြေများကို သိမ်းဆည်း

**DVB၊ ဧပြီလ ၂၉။** ။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက်ရည်စူးပြီး တွံတေးမြို့နယ် ဇီးဖြူကုန်း ကျေးရွာ ၅၀ လောက်က ဇီးဖြူကုန်းရွာ အနောက်ဘက်မှာရှိတဲ့ ဖက်တရာ သမိုင်းဝင်စေတီတော်မှာ သာသနာ့အလံတွေ အောင်သပြေပန်းတွေကိုင်ဆောင်ပြီး မနေ့က သွားရောက် ဝတ်ပြုဆုတောင်းပါတယ်။

အဲဒီဆုတောင်းတဲ့နေရာကို အာဏာပိုင်အဖွဲ့ဖြစ်တဲ့ အက်ဒ်ဘီအဖွဲ့တွေက သွားရောက်ခဲ့ပြီး ဇီးဖြူကုန်း ရွာသူရွာသားတွေ ဆုတောင်းတဲ့ သာသနာ့အလံနဲ့အောင်သပြေပန်းတွေကို သိမ်းဆည်းယူဆောင်သွားတယ်လို့ တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံကိုရဲထွတ်ခေါင်က ပြောပါတယ်။

"အဲ့ဒီဝတ်ပြုဆုတောင်းတဲ့နေရာကို ဒီမြို့ပေါ်အာဏာပိုင်တွေက သွားကြတယ်။ ဒါပေမယ့် အဲ့ဒီနေရာကိုရောက်တာက အာဏာပိုင်တွေမဟုတ်ဘဲ သတင်းပေး ချိုကြီး၊ သတင်းပေး အုန်းမြင့်တို့ ရောက်လာတယ်။ အဲ့ဒီသတင်းပေးတွေက ရွာသူရွာသားတွေ ဝတ်ပြုဆုတောင်းတဲ့ သာသနာ့အလံတွေ အောင်သပြေပန်းတွေကို သိမ်းယူသွားတယ်ခင်ဗျ"။

တွံတေးမြို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ် တာဝန်ခံကိုရဲထွတ်ခေါင်ဦးဆောင်တဲ့ လူငယ် ၃၀ ခန့်ဟာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် တွံတေးမြို့ပေါ်မှာ ရဟန်းအပါး ၂၀ ကို ဆွမ်း လောင်းလှူခဲ့ပြီး ရွှေသာလျောင်းစေတီတော်ကို သွားရောက်ဝတ်ပြုဆုတောင်းခဲ့တယ်လို့ လူငယ်တာဝန်ခံကိုရဲထွတ်ခေါင်က ပြောပါတယ်၊ မနက် ၉ နာရီခွဲမှာ တွံတေးမြို့ ကန်သာယာအနောက်ဘက်ရှိ ရွှေသာလျောင်းစေတီကို သာသနာ့အလံ၊ အောင်သပြေပန်းတွေနဲ့သွားရောက်ပြီး ဝတ်ပြုဆုတောင်းရာမှာ ဆုတောင်းပွဲအခမ်းအနားကို "အာဏာပိုင်တွေတော့ မရောက်ရှိလာပါဘူး ၁၁ နာရီနဲ့ ၄၅ မိနစ်မှာ ပြီးဆုံးသွားတယ်" လို့ ကိုရဲထွတ်ခေါင်က ပြောပါတယ်။

ဒီလ ၂၁ ရက်နေ့က အဲ ဇီးဖြူကုန်းကျေးရွာ ဖက်တရာ ဘုရားမှာဝတ်ပြုဆုတောင်းခဲ့လို့ ဒေသခံရဲတွေက တွံတေးအန်အယ်လ်ဒီ ဒု-ဥက္ကဋ္ဌ ဦးချစ်ဖေနဲ့ မြို့နယ်စည်းရုံးရေးမှူး ကိုအောင်စိုးဝေတို့ကို ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးခဲ့ပါတယ်။ သူတို့နှစ်ဦးကို သာသနာ ညစ်နွမ်းစေမှုနဲ့ တွံတေးတရားရုံးမှာ တရားစွဲပြီး အင်းစိန်ထောင်ကိုပြောင်းရွှေ့ကာ ဒီနေ့မှာ ရုံးထုတ်စစ်ဆေးပါတယ်၊ ဆုတောင်းပွဲပြီးတဲ့နောက် ဦးအောင်ဖေနဲ့ ကိုအောင်စိုးဝေတို့ကို ဒီနေ့ရုံးထုတ်တဲ့ တွံတေးမြို့နယ်တရားရုံးကို သွားကြတယ်လို့ ကိုရဲထွတ်ခေါင်က ပြောပါတယ်။

## နယ်မြို့အချို့မှာ ဝမ်းရောဂါဆက်လက်ဖြစ်ပွား

**DVB၊ ဧပြီလ ၂၉။** ။ နယ်မြို့အချို့မှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဆက်လက်ဖြစ်ပွားနေပြီး သေဆုံးမှုအချို့ ရှိနေတယ်လို့သိရပါတယ်။ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်နဲ့ မကွေးတိုင်း ပခုက္ကူမြို့နယ်တွေမှာ ဆက်ဖြစ်နေတာပါ။

ညောင်လေးပင်မြို့နယ်မှာ ဒီရောဂါကြောင့် လူသုံးဦး ကွယ်လွန်သွားပြီဖြစ်သလို ဆေးရုံမှာရှိတဲ့ကုတင်နဲ့ တက်တဲ့လူနာ မလုံမလောက်ဖြစ်နေတယ်လို့ ညောင်လေးပင်မြို့ခံတဦးက ပြောပါတယ်။ ရောဂါဖြစ်ပွားရတာဟာ ရာသီဥတုပိုမိုပူပြင်းလာတာနဲ့အတူ သရက်သီးပေါ်ချိန်မှာ ယင်ကောင်ပေါက်ပွားမှုများနေတာကြောင့် ယင်နားစာတွေ စားရာက ရောဂါကူးစက်ခံရတာ ဖြစ်နိုင်တယ်လို့ ညောင်လေးပင်မြို့က ကျန်းမာရေးဝန်ထမ်းဟောင်းတဦးကပြောပါတယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုနဲ့ပတ်သက်ပြီး ညောင်လေးပင်မြို့ရှိတိုက်နယ်ဆေးရုံကို ဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျဝန်ထမ်းက "ဖြေဆိုခွင့်မရှိဘူး" လို့ ပြောပါတယ်။ မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်း ပခုက္ကူမြို့မှာဆိုရင်လည်း ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားနေပြီး အများအားဖြင့် ဆင်းရဲသားတွေဖြစ်တယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"အခြေခံလူတွေက အနေဆင်းရဲတော့၊ ဘာမှမသိတာပေါ့၊ ရေသန့်တောင်မသောက်နိုင်ဘူး။ အဓိက ရာသီဥတုပိုင်းနဲ့ဆိုင်လောက်ပါတယ်။ မတရားပူတာကိုး။ ကျနော်တို့ဒီမှာ မတရားပူနေတာ ဆေးရုံက နည်းနည်းများတယ်လို့ ပြောသံကြားတယ်။"

ဒီအခြေအနေနဲ့ပတ်သက်ပြီး ပခုက္ကူဆေးရုံကို မေးမြန်းကြည့်ရာမှာ တာဝန်ကျဝန်ထမ်းက အခုလိုပြောပါတယ်။

"ဒီနေ့တော့ တယောက်မှမလာဘူး။ ဟိုနေ့က နှစ်ယောက်လောက်လာတယ်။ ပခုက္ကူ ဆေးရုံတော့ အဲ့လောက်ပဲရှိတယ်၊ အများကြီးရယ်လို့မရှိဘူး။ တချို့လည်း ဝမ်းသွားတာ မရပ်လို့ဘာညာလောက်ပါပဲ။ ဟိုလိုတအားကြီး ဆိုးဆိုးဝါးဝါး မရလောက်အောင် အထိတော့မလာဘူး"။

ဝမ်းပျက်ဝမ်းလျှောရောဂါဟာ သင်္ကြန်ပြီးကတည်းက ရန်ကုန်၊ မန္တလေးနဲ့ ရေဝတီတိုင်းက မြို့တချို့မှာဖြစ်ပွားခဲ့သလို အသေအပျောက်တွေလည်း ရှိခဲ့ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ပတ်သက်လို့ ဖြစ်ပွားမှုအခြေအနေ၊ အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်မယ်လို့ ဒီဗွီဘီကို ဖြေကြားဖူးပေမယ့် အခုအထိ ထုတ်ပြန်ကြေညာခြင်းမရှိသေးပါဘူး။

ချိန်ပါ ချိန်ပါ



# ကိုညီညီထွေးရဲ့ ထောင်အတွေ့ကြုံနဲ့ တရားစီရင်ရေးအပေါ် အမြင်

**DVB၊ ဧပြီလ ၂၉။** ။ အင်းစိန်ထောင်မှာ နေခဲ့စဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုမရတဲ့အပြင် လမ်းလျှောက်ခွင့်လည်း အပြည့်အဝမရဘူးလို့ မနေ့ကမှ ပြန်လွတ်လာတဲ့ လူငယ်ရှေ့နေ ကိုညီညီထွေးက ပြောပါတယ်။

ကိုညီညီထွေးဟာ ထောင်မကျခင် အပြင်မှာကတည်းက ကျန်းမာရေး သိပ်မကောင်းသူဖြစ်ပြီး ထောင်ထဲရောက်တဲ့အခါမှာလည်း ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဂရုတစိုက် ကုသမှုမျိုးမခံရတာကြောင့် နှလုံးသိပ်မကောင်းဘူး ဖြစ်နေတယ်လို့ ပြောပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုမရခဲ့တာနဲ့ပတ်သက်ပြီး ကိုညီညီထွေးက အခုလို ပြောပြပါတယ်။

"ကျနော့်နှလုံးမကောင်းတာ အီးစီဂျီလာရိုက်ပေးတယ်။ အခု ကျနော် ပြန်ထွက်လာတဲ့ အချိန်အထိကို ဘာမှကျနော့်ကို အကြောင်းမပြန်ခဲ့ပါဘူး၊ ကျနော့် ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဖြေတစုံတရာ ထုတ်မပေးခဲ့ပါဘူး။"

အင်းစိန်ထောင်ကိုရောက်ပြီး တပတ်အတွင်းမှာ တခြားသူတွေနဲ့အတူ လမ်းလျှောက်ခွင့်ရခဲ့ပေမယ့် တပတ်ကြာပြီးနောက်ပိုင်းမှာ တာဝန်ခံထောင်မှူးက ခေါ်ပြီး အထက်ကညွှန်ကြားချက်ဆိုပြီး တိုက်ပိတ်ခံရကာ လမ်းလျှောက်ခွင့်မရတော့ဘူးလို့ ကိုညီညီထွေးက ပြောပါတယ်။

"အဲ့လိုပိတ်ထားတဲ့အတွက် ၂၄ နာရီမှာ ၂ နာရီနဲ့ ၁၅ မိနစ်ပဲ ထွက်ခွင့်ရတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ သူတို့ အာဏာပိုင်ကို မေးတဲ့အခါကျတော့ အထက်က ညွှန်ကြားလို့ဆိုတဲ့အဖြေကလွဲပြီး ဘာမှမပြောဘူး။ ဒါကျနော်ပြန်ထွက်လာတဲ့ အချိန်အထိပါပဲ။"

မနှစ်က အောက်တိုဘာလအတွင်း ထောင်ဒဏ်အပြစ်ပေးခံရပြီး မကြာခင်မှာဘဲ အာဏာပိုင်တွေက ရှေ့နေလိုက်ခွင့်တားမြစ်စာ ထုတ်ပြန်ခဲ့တယ်လို့လည်း ကိုညီညီထွေးက ပြောပါတယ်။ ကိုညီညီထွေးဟာ ကုလသမဂ္ဂလူ့အခွင့်ရေး ကိုယ်စားလှယ် မစ္စတာကင်တား အင်းစိန်ထောင်ကို ဝင်ရောက်စစ်ဆေးစဉ် တွေ့ခွင့်ရခဲ့သူလည်း ဖြစ်ပါတယ်။ မစ္စတာကင်တားနားက လက်ရှိတရားစီရင်ရေး အကြောင်း အဓိကထားပြီး မေးသွားတယ်လို့ ကိုညီညီထွေးက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးတောင်းဆိုဆန္ဒပြမှုနဲ့ အဖမ်းခံရသူတွေရဲ့အမှုတွေကို လိုက်ပါဆောင်ရွက်ပေးနေစဉ် တရားရုံးကို မထီမဲ့မြင်လုပ်တယ်ဆိုတဲ့ စွဲချက်နဲ့ မြောက်ပိုင်းခရိုင်တရားရုံးက ကိုညီညီထွေးကို ထောင်ဒဏ် ၆ လ စီရင်ချက်ချခဲ့တာ ဖြစ်ပါတယ်။ လက်ရှိ တရားစီရင်ရေးနဲ့ပတ်သက်လို့လည်း ကိုညီညီထွေးက သူ့အမြင်ကို ပြောပါတယ်။

"လက်ရှိတရားစီရင်ရေးကတော့ ကျနော်တို့ ယုံကြည်ထားတဲ့၊ ခံယူထားတဲ့ ပုံစံမျိုးတော့မဟုတ်ဘူးဗျ။ အခုတရားစီရင်နေတဲ့ ပုံစံတွေက အထောက်အထားမခိုင်လုံဘဲနဲ့လည်း အပြစ်ဒဏ်တွေ ပေးနေတာတွေရှိတယ်။ ကျနော်ကိုယ်တိုင်လည်း အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ ခံစားခဲ့ပါတယ်။ ကျနော်ကိုယ်တိုင် လိုက်ပါဆောင်ရွက်ပေးခဲ့တဲ့ အမှုတွေမှာလည်း အထောက်အထားခိုင်လုံမှုမရှိဘဲနဲ့ ထောင်ဒဏ်နှစ်ကြီးတွေပေးတာမျိုးတွေ အများကြီးကြုံတွေ့ခဲ့ရပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် တရားစီရင်ရေးက လွတ်လွတ်လပ်လပ် စီရင်နေတာ မဟုတ်ဘူးလို့ ကျနော့်အနေနဲ့ မြင်ပါတယ်။"

Voice of Burma


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

**Tel/Fax: 81 3-6323-5114**
**E-mail: sayarkway@yahoo.com**
**voburma@ac.auone-net.jp**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


**To**

AIR MAIL

PRINTED MATTER